မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်တွေကိုလည်း ယုံယုံကြည်ကြည်အပ်နှင်း ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့လုပ်ရမည့် တာဝန်များ၊ လုပ်သင့်သည့်အလုပ်များကို လုပ်ကြ မည်သူ့တိုက်တွန်းချက်ကိုမျှစောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွလုပ်ကြရမည်

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်တီးပေးရန်လို လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည်၏ G.D.P တိုးလာမည် ဥပဒေနှင့်အညီ လွတ်လပ်စွာစိုက်ပျိုးခွင့်၊ သယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးရမှာဖြစ်

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများအား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ခန်းမဆောင်ကြီး၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ တာဝန်ပေးချက်အရ တိုင်းပြည်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ကြရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကို ၃၀-၃-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ခန်းမဆောင်ကြီး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်)

မျိုးဆက်ပွားကျန်းမာရေးအသိပညာများ မိခင်တိုင်းအလေးထားလိုက်နာ

မျိုးဆက်ပွားကျန်းမာရေးသည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါလျက်ရှိရာ မိခင်တိုင်းက အလေးထားဂရုပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မွေးကင်းစကလေးများ သေဆုံးမှုလျော့ချရေး၊ ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျော့ချရေး၊ HIV/AIDS စသည့်ရောဂါများတိုက်ဖျက်ရေးအသိပညာပေးခြင်းနှင့် ဘက်စုံမျိုးဆက်ပွား ကျန်းမာရေးနည်းပညာများပေးခြင်းနှင့် မိခင်နှင့်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိခင်သေနှုန်း၊ ကလေးသေနှုန်းကျဆင်းရေးကိုဦးတည်ပြီး ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှု ခံယူကြရန်၊ အန္တရာယ်ရှိသည့် ကိုယ်ဝန်ဆောင်များ အချိန်မီလွှဲပြောင်းပေးရန်နှင့် ကျွမ်းကျင်သူများက မွေးဖွားနိုင်စေရန် အခြေခံအဆင့် ကျေးလက်ဒေသအထိ ကွင်းဆင်းဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းသော ရင်သွေးငယ်များမွေးဖွားလာရေးအတွက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ၊ မိခင်နို့ စနစ်တကျတိုက်ကျွေးလှုပ်ရှားမှုများ၊ ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ၊ အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် မွေးဖွားပြီးရင်သွေးငယ်လေးများ အာဟာရပြည့်ဝရန်၊ ဝမ်းပျက် ဝမ်းလျှောရောဂါမဖြစ်ပွားရန်အတွက် မိခင်နို့စနစ်တကျတိုက်ကျွေးရေးသည် မိခင်တိုင်း ဆောင်ရွက်ရမည့် အဓိကအရေးကြီးသောအကြောင်း အချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မိခင်တိုင်းသည် နို့ဦးရည်ကို မွေးကင်းစကလေးငယ်များအား မဖြစ်မနေ တိုက်ကျွေးရန်လိုအပ်သည်။ မိခင်နို့ရည်သည် ရောဂါကာကွယ်သော ပဋိဇီဝ ပစ္စည်းအများအပြားပါဝင်သဖြင့် မွေးကင်းစကလေးငယ်အတွက် ဦးဆုံးရရှိသည့် ရောဂါကာကွယ် ဆေးဖြစ်ခြင်း၊ အာဟာရပြည့်ဝပြီး လုံလောက်မှုရှိခြင်းတို့ကို မိခင်တိုင်းသိရှိရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို စနစ်တကျခံယူပြီး ကျန်းမာသန်စွမ်းကာ ဉာဏ်ရည်ပြည့်ဝသည့် ကလေးငယ်များမွေးဖွားလာရေးအတွက် ကျန်းမာရေးအသိပညာပေးမှုများကို အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန် ဝန်ကြီးချုပ်ဦးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါလျက် ဧပြီ ၄ ရက် မွန်းလွဲပိုင်းက မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုစက်ရုံအတွင်း 22 HP တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ၊ ပြည်ပအစားထိုး အင်ဂျင်(၂၈)ကောင်တပ် အသေးစားထွန်စက်များ၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါစက်ရုံ ချင်းတွင်းရတနာခန်းမ၌ မုံရွာစက်မှုဇုန်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ကလေးလူနာဆောင်၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအား တစ်ဦးချင်းလိုက်လံတွေ့ဆုံပြီး အားပေးစကားပြောကြားကာ မုံရွာမြို့ သလ္လာရပ်ကွက်ရှိ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ အမျိုးသမီးလူနာဆောင်နှင့် အမျိုးသားလူနာဆောင်တို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော လူနာများအား သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတမြို့နယ်အထက(ခွဲ)ရေကြည်ကုန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ဟင်္သာတ ဧပြီ ၆

ဟင်္သာတမြို့နယ် အထက(ခွဲ) ရေကြည်ကုန်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက ဟင်္သာတမြို့နယ် အထက(ခွဲ)ရေကြည်ကုန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကန်တော့ခံဆရာ ဆရာမကြီးများ စုစုပေါင်း ၃၃ဦး တက်ရောက်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက ဂါရဝပြုကန်တော့ခဲ့ကြသည်။ အခမ်းအနားတွင် ကန်တော့ခံဆရာများကိုယ်စား ဆရာဦးဝင်းမောင်၊ ဆရာဦးအောင်စိုး၊ ဆရာမဒေါ်ကြည်ကြည်အုံး၊ ဆရာ ဦးသန်းလွင်တို့က ဆုံးမဩဝါဒစကားများပြောကြားကြပြီး ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးဟန်အုန်းနှင့် ဒေါက်တာစောပိုပို(**အပေါ်ယာပုံ**)တို့က ဂါရဝပြုစကား ပြန်လည်ပြောကြားကြသည်။

ငွေပဒေသာပင်လှူဒါန်း

ဆက်လက်၍ ဦးအေးမောင်-ဒေါ်သန်းရီမိသားစုက အထက(ခွဲ) ရေကြည်ကုန်းပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း၊ ဆရာမ ဒေါ်ရီရီစိုက ငွေကျပ်ငါးသောင်း၊ ကျောင်းသား ကျောင်းသူဟောင်းများက ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(ပညာရေး)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အမှုဆောင်အဖွဲ့ဝင်များ မတ် ၂၅ ရက်က ဖျာပုံခရိုင် လေဘေးဒဏ်ခံရသော ရေလုပ်သားများအား အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းစဉ်။

(ပင်လယ်ငါးဖမ်းအသင်း)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း (၁)လမ်းမြောက်ပိုင်းနေ ကွယ်လွန်သူ သင်္ဘောအင်ဂျင်နီယာ ဦးအောင်ညွန့်သိန်း(၄၉)နှစ်အားရည်စူး၍ မိဘများဖြစ်သော(ဦးအောင်ကျော်မြင့်)- ဒေါ်နှင်းလှက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံ ပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ငွေဆောင်အလှ သဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)က ကြီးမှူး၍ ငွေဆောင်အလှသဘာဝ ခေါင်းစဉ်ဖြင့် တတိယအကြိမ် ငွေဆောင်ကမ်းခြေ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီမှုဖြင့် ကျင်းပခဲ့ရာ ပထမဆုကို ထွန်းထွန်းဝင်းကလည်းကောင်း၊ ဒုတိယဆုကို ကျော်ဇင်အောင်ကလည်းကောင်း၊ တတိယဆုကို အောင်ငွေးလင်းက လည်းကောင်းရရှိကြပြီး နှစ်သိမ့်ဆု ၁၃ ဆုကိုလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

လာရောက်ကြည့်ရှု

ဓာတ်ပုံဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၉ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ CENTRAL HOTEL ၌ကျင်းပမည်ဖြစ်ပြီး ဆုရဓာတ်ပုံများနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Myanmar Thiha Co.,Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဧပြီ ၉ ရက်(စနေ) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ကိုကိုလှိုင်(နိုင်ငံတကာရေးရာသုတေသီ)က "လာမည့်အာရှရာစုတွင် မဟာဗျူဟာလမ်းဆုံ ဖြစ်လာမည့် မြန်မာနိုင်ငံ Myanmar at The Strategic Nexus in The Coming Century" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်အရန်မီးသတ် တပ်ခွဲမှူး ဦးမျိုးမင်းဆွေနှင့် အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ တက်ရောက်၍ မီးသတ်ဝတ်စုံများပေးအပ်စဉ်။

(မြို့နယ်မီးသတ်)

မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၂၇/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) တို့အရ အောက်ပါပုဂ္ဂိုလ်များအား မြို့တော်ဝန်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးလှမြင့် — ရန်ကုန်မြို့တော်ဝန်
(၂) ဦးဖုန်းဇော်ဟန် — မန္တလေးမြို့တော်ဝန်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မိုးရွာသွန်းမှု

၆-၄-၂၀၁၁

ချောင်းဆုံမြို့
၀ ဒသမ ၇၁ လက်မ

တောင်ငူမြို့
၀ ဒသမ ၄၈ လက်မ

ကျိုက္ကမီမြို့
၀ ဒသမ ၃၂ လက်မ

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာအောင်မြင့်	ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ) ပါမောက္ခဒေါက်တာ ဒေါ်စန်းစန်းနွဲ့	ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးဆောင်ရွက် ဝန်ကြီး ဦးခင်မောင်စိုး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌မှာကြား

နေပြည်တော် ဧပြီ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၅ ရက်တွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စွမ်းအားပြည့်လည်ပတ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးမှု စနစ်တကျဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ ကြွေးကျန်ကျဆင်းရေး၊ စီမံကိန်းများ အချိန်မီပြီးစီးရေး၊ လျှပ်စစ်စွမ်းအားမြှင့်တင်ရေး၊ လျှပ်စစ်စွမ်းအားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ စက်ရုံများစက်စွမ်းအား ပြည့်လည်ပတ်နိုင်ရေး စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်ထုတ်ပြန်

ရန်ကုန် ဧပြီ ၆

၂၀၁၁ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှု မရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ် တို့၌ ၂၄ နာရီ ရေပေးဝေမည်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများကိုလည်း အလားတူ ၂၄ နာရီပေးဝေမည်ဖြစ်သည်။

နှစ်ကြိမ်

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့သို့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)နေ့တွင် မြို့နယ်များအားလုံးသို့ ယခင် ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။

ဆက်သွယ်

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် ရေ/သန့် ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဖုန်း-၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀နှင့် ၆၆၀၃၄၀တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းတံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ပုသိမ်ကြီး၌ စစ်ဆေး

ပုသိမ်ကြီး ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့သည် ဧပြီ ၅ ရက်က ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အမှုဆောင်အရာရှိ ဦးမြင့်လွင်၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်စောယုယုကိုနှင့် ဝန်ထမ်းများ ဆောင်ရွက်ခဲ့သော လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်က ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီ ရေနုတ်မြောင်းကို မြေတူးစက်ဖြင့်တူးဖော်ရာတွင် အမှုဆောင်အရာရှိ ဦးမျိုးသိန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူရှိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူရှိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မဟာသင်္ကြန်နှစ်သစ်ကူး အကြိုကုန်စည်ပြပွဲ ၂၀၁၁ FATHER LAND ပါဝင်ပြသမည်

ရန်ကုန် ဧပြီ ၆

FATHER LAND Construction & Decoration Co.,Ltd က Main Sponsor အဖြစ် ပံ့ပိုးကူညီပြီး Myanmar ANAWRAHTA Business Group က ကြီးမှူးကျင်းပသော Myanmar New Year Exhibition 2011 ကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည် ဖြစ်သည်။

အဆိုပါပြပွဲတွင် FATHER LAND Construction & Decoration Co.,Ltd ၏ ပြခန်း၌ Condominium, Room Type, Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို လစဉ်ငွေပေးသွင်းခြင်းနှင့် အရစ်ကျငွေပေးသွင်းခြင်းစနစ်တို့အပြင် အများပြည်သူ အဆင်ပြေချောမွေ့စေရန် အတွက် အခြားငွေ ပေးချေမှုစနစ်များကို ညှိနှိုင်းတိုင်ပင်ပြီး ရောင်းချပေးမည်ဖြစ်သည်။ ပြပွဲကာလအတွင်း အရောင်းမြှင့်တင်ရေး အစီအစဉ်အရ Decoration လုပ်ငန်းများ၊ Renovation လုပ်ငန်းများ၊ Wallpaper၊ ဝါးပါကေး၊ Ready Made ပါကေးများရောင်းချခြင်းတို့ကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည် ဖြစ်သည်။ အရောင်းမြှင့်တင်ရေး ကာလအတွင်း Discount ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရရှိမည်ဖြစ်သည်။

FATHER LAND Construction & Decoration Co.,Ltd နှင့် ဆက်သွယ်စုံစမ်းလိုပါက အမှတ် (၂၂၉/၂၃၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃-၁၀၇၁၊ ၀၉-၇၃၀-၃၀၀၄၁၊ ၀၁-၃၉၇၆၄၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၆-၄-၂၀၁၁

ချောက်မြို့
၄၄ ဒီဂရီစင်တီဂရိတ်

ဆင်ဖြူကျွန်းမြို့
၄၁ ဒီဂရီစင်တီဂရိတ်

အီရတ်-အာဖဂန်သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြားနေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၅၄၈၂ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၇၆၀၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၄၈၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၇၆၀၈ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဧပြီ ၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြားနေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ ၃၃၇၇၆ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၄၁၁၉၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၇၇၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၁၉၁ ဦး

(အင်တာနက်)

မပေါက်ကွဲသေးသော မြေမြှုပ်မိုင်းများ အီရတ်ပြည်သူများအား ခြိမ်းခြောက်နေ

ဘဂ္ဂဒက် ဧပြီ ၆

ကမ္ဘာပေါ်တွင် မပေါက်ကွဲသေးသောမြေမြှုပ်မိုင်း ၂၅ ရာခိုင်နှုန်းသည် အီရတ်နိုင်ငံ၌ရှိပြီး မြေမြှုပ်မိုင်းများဖြင့် ခြိမ်းခြောက်ခံနေရသည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း အီရတ်ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

စစ်ပွဲကြောင့် ပျက်စီးယိုယွင်းနေသော အီရတ်နိုင်ငံအတွင်း နိုင်ငံအနှံ့ မြေမြှုပ်မိုင်းများ သန်း ၂၀ ကျော် ဖြန့်ကြက်မြှုပ်နှံထားကြောင်း အီရတ်ပတ်ဝန်းကျင်ရေးရာ ဒုတိယဝန်ကြီး ကာမဲလ်ဟူစိန်လာတစ်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၁၆၀ အကွာရှိ နာဂျက်ဖ်မြို့တွင်း ဧပြီ ၃ ရက်က မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိစဉ်။

ခြိမ်းခြောက်နေ

ထိုမြေမြှုပ်မိုင်းများရှိနေခြင်းသည် အီရတ်ပြည်သူ တစ်ရပ်လုံးအတွက် စီးပွားရေးနှင့် ကျန်းမာရေးကို အကြီးအကျယ် ခြိမ်းခြောက်နေကြောင်း လာတစ်က ဘဂ္ဂဒက်၌ သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ မြေမြှုပ်မိုင်းအများစုမှာ ၁၉၆၀ ပြည့်လွန်နှစ်များက အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား နှိမ်နင်းသည့်ကာလတွင် မြှုပ်နှံထားခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ၁၉၈၀-၈၈ အီရန်-အီရတ်စစ်ပွဲကလည်း မြေမြှုပ်မိုင်းများ မြှုပ်နှံထားခဲ့ကြောင်း သိရသည်။

အီရတ်အစိုးရက ၂၀၁၈ ခုနှစ် အရောက်တွင် အဆိုပါ မြေမြှုပ်မိုင်းများအနက် ၇၀ ရာခိုင်နှုန်းကို ရှင်းလင်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ အီရတ် ကာကွယ်ရေးဝန်ကြီးဌာနက ကြီးကြပ်ပြီး မိုင်းရှင်းလင်းရေးကုမ္ပဏီ ၂၀ က ရှင်းလင်းမှုများ ပြုလုပ်လျက်ရှိကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

အာဖဂန်ရဲတပ်ဖွဲ့ဝင် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးကိုပစ်သတ်

ကဘူးလ် ဧပြီ ၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဖာယတ်ပြည်နယ်တွင် အာဖဂန်နယ်စပ်စောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးသွားကြောင်း အာဖဂန်အရာရှိများက ဧပြီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ယင်းပြည်နယ်အတွင်း နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်စစ်ဆေးမှုပြုလုပ်ပြီးနောက် အာဖဂန်ရဲတပ်ဖွဲ့ဝင် တစ်ဦးက နေတိုးတပ်ဖွဲ့များအား ပစ်ခတ်ပြီး ထွက်ပြေးသွားခြင်းဖြစ်သည်။ ပစ်ခတ်မှု ဖြစ်ပွားသည့်နေရာမှာ ဖာယတ်ပြည်နယ်မြို့တော် မေမာနာမြို့၌ ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်ကလည်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော မာဇာအီရှာရစ်ဖ်မြို့တွင် ကုလသမဂ္ဂဝန်ထမ်း ခုနစ်ဦးအပါအဝင် အရပ်သား ၁၄ ဦးတို့အား လက်နက်ကိုင် အကြမ်းဖက်သမားများက ပစ်သတ်သွားခဲ့ကြသည်။

၄င်းဒေသသည် လာမည့်ဇူလိုင်တွင် နေတိုးမှအုပ်ချုပ်ရေးလွှဲပြောင်းပေးမည့် နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်၊ အာဖဂန်အရပ်သားများသေဆုံး

ကဘူးလ် ဧပြီ ၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဧပြီ ၅ ရက်က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အာဖဂန်အရပ်သားခြောက်ဦးအား ပစ်သတ်ပြီး အခြားငါးဦးအား ပြန်ပေးဆွဲသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များက ဆေရက်မြို့ကို စီးနင်းတိုက်ခိုက်စဉ် အရပ်သားများသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဆာရီပေါလ်ပြည်နယ်မှ တာဝန်ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် တာလီဘန်တို့အား တိုက်ခိုက်ခြင်းဖြစ်ကြောင်း နေတိုးအဖွဲ့ကပြောကြားသည်။ ဧပြီ ၄ ရက်က မြို့တော်ကဘူးလ်အနီး အာဖဂန်ဈေးသည်တစ်ဦးကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သွားခဲ့သည်။ ထိုကဲ့သို့တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေ၍ အရပ်သားများသေဆုံးနေရခြင်းအပေါ် အာဖဂန်တာဝန်ရှိသူများက စိုးရိမ်မိကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ➢ စုစည်းသည်

ဂျပန်ငလျင်ကြောင့် သေဆုံးသူ ၁၂၄၆၈ ဦးရှိလာ

တိုကျို ဧပြီ ၆

ဂျပန်နိုင်ငံတွင် မတ် ၁၁ရက်က လှုပ်ခဲ့သောငလျင်နှင့် ဆူနာမီဖြစ်ပေါ်မှုကြောင့် သေဆုံးသူဦးရေမှာ ဧပြီ ၆ ရက်နံနက် ၁၀နာရီအထိ ၁၂၄၆၈ ဦး ရှိပြီဖြစ်ကြောင်း ယနေ့အချိန်အထိ ပျောက်ဆုံးနေဆဲဦးရေ ၁၅၀၉၂ ခန့်ရှိနေဆဲဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ရှာဖွေ

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ပြီးခဲ့သည့် မတ် ၁၁ ရက်က အင်အားရစ်ချ်တာစကေး ၉ ရှိသော ငလျင်လှုပ်ခဲ့သဖြင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ အပျက်အစီးများအောက်၌ ပိတ်မိနေသူများကို ရှာဖွေလျက်ရှိကြောင်း၊ ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်ပေးနေဆဲဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

စင်ကာပူအဲလိုင်း လေယာဉ်တစ်စင်းပေါ်တွင် ခရီးသည် အမျိုးသားတစ်ဦးသေဆုံး

စင်ကာပူ ဧပြီ ၆

စင်ကာပူအဲလိုင်း(အက်စ်အိုင်အေ) လေယာဉ်တစ်စင်းပေါ်၌ ခရီးသည် အမျိုးသား တစ်ဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း စင်ကာပူ လေကြောင်းလိုင်းက ဧပြီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

တွေ့ရှိခဲ့

၄င်းခရီးသည် အမျိုးသားမှာ ဟောင်ကောင်မှ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ ပျံသန်းလာသောလေယာဉ်ပေါ်တွင် လိုက်ပါလာသူဖြစ်ပြီး ဆန်ဖရန်စစ္စကိုမြို့လေဆိပ်သို့ မဆင်းသက်မီ မိနစ် ၉၀ ခန့်အလို၌ ယင်းအမျိုးသား သေဆုံးနေသည်ကို လေယာဉ်ဝန်ထမ်းများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေယာဉ် ဝန်ထမ်းများက အရေးပေါ် အသက်ကယ်နည်းများဖြင့် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ထူးခြားမလာဘဲ သေဆုံးခဲ့ခြင်းဖြစ်သည်။ ၄င်းအမျိုးသား၏မိသားစုဝင်များအား စုံစမ်းအကြောင်းကြားမည်ဟု စင်ကာပူအဲလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ပြုလုပ်

ယင်းခရီးသည် အမျိုးသားသည် အမေရိကန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ပြီး ဟောင်ကောင်မှအပြန် လေယာဉ်ပေါ်တွင် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ မည်သည့်အတွက်ကြောင့် သေဆုံးခဲ့သည်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်ပြည်နယ်နှစ်ခုရှိ သောက်သုံးရေများ၌ ရေဒီယိုသတ္တိကြွမှုများတွေ့ရှိ

ဝါရှင်တန် ဧပြီ ၆

အမေရိကန်နိုင်ငံအနောက်မြောက်ပိုင်း ပြည်နယ်နှစ်ခုတွင် သောက်သုံးရေနမူနာများကိုယူပြီး စစ်ဆေးကြည့်ရာ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများ ပါဝင်နေကြောင်း၊ သို့သော် ပြည်သူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အနေအထားအောက် များစွာလျော့နည်းကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအေဂျင်စီ(အီးပီအေ)က ဧပြီ ၆ ရက်၌ ပြောကြားသည်။ (ဝဲပုံ)

တွေ့ရှိခဲ့

ဝါရှင်တန်၊ ရစ်ချ်လန်း၊ အိုင်ဒါဟိုနှင့် ဘိုအီစီမြို့များရှိ သောက်သုံးရေများတွင် ရေဒီယိုသတ္တိကြွမှုပမာဏမှာ ရေတစ်လီတာတိုင်းတွင် ၀ ဒသမ ၂ ဆခန့် မြင့်တက်နေကြောင်း အီးပီအေက နမူနာယူထားသော သောက်သုံးရေများကို စစ်ဆေးကြည့်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အန္တရာယ်ပေးနိုင်

ဂျပန်နိုင်ငံမှ ဖူကူရှီးမား နျူကလီးယားစက်ရုံမတော်တဆဖြစ်ရပ်၏ အကျိုးဆက်တစ်ရပ် ဖြစ်နိုင်ကြောင်း၊ သို့သော် ပြည်သူများကို အန္တရာယ်ပေးနိုင်သည်အထိ ရေဒီယိုသတ္တိကြွမှုအနေအထားမရှိကြောင်း သိရသည်။

(အင်တာနက်)

APTITUDE TEST စာအုပ်ထုတ်ဝေ

နေပြည်တော် ဧပြီ ၆

Henry Maung Maung ရေးသားပြုစုသည့် APTITUDE TEST Puzzles, Quizzes, and Mystifying Problems (Based on Numerical Knowledge) စာအုပ် ရွှေလက်ဆောင်စာပေမှ ထွက်ရှိလာသည်။

ဤစာအုပ်တွင် သင်္ချာကိုအခြေခံထားသော အရည်အချင်း စမ်းသပ်ခြင်း၊ ဉာဏ်စမ်းပဟေဠိ၊ ခက်ခဲသော ဉာဏ်စမ်းပြဿနာများ၊ စဉ်းစားတွေးခေါ်နည်း၊ ရှုပ်ထွေးမှုများ၊ အဖြေနှင့် အဖြေထုတ်နည်း၊ မေးခွန်းများနှင့် ဉာဏ်စမ်းပုစ္ဆာများ ပါရှိသဖြင့် သင်္ချာနှင့် သိပ္ပံပညာတတ်များသာမက အထက်တန်းအဆင့် သင်ယူဖူးသူ၊ သင်္ချာပညာကို လေ့လာလိုက်စားလိုသူ၊ ဖြတ်ထိုးဉာဏ် ကောင်းလိုသူ၊ အခက်အခဲတစ်ခုကို ဘက်ပေါင်းစုံမှ ရှုမြင်လိုသူ၊ဖြစ်နိုင်ချေရှိသည့်ဆုံးဖြတ်ချက်ကို ပေးလိုသူ၊ အဖြေကို မှန်းဆသိမြင်လိုသူများအတွက် အသုံးတည့်သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရွှေလက်ဆောင် စာပေဖြန့်ချိရေး ဦးအောင်မြင့်နှင့် ညီမ ဒေါ်သိန်းသိန်း အမှတ် (၄၈၈) ရွှေဘုံသာလမ်း(အထက်)၊ အမှတ် (၂၃၃၊၂၃၅) ၃၂ လမ်း(အထက်) ဖုန်း- ၃၈၉၀၂၂၊ ၃၇၅၃၇၅နှင့် ၃၇၄၆၃၈ တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ဖြစ်သည်။ **(သတင်းစဉ်)**



ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၇)ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တွင်းမှုသင်တန်းများဆင်းပွဲ မူဆယ်၌ကျင်းပ

မူဆယ် ဧပြီ ၆

မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၁)နှင့်အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ် (၂၈) သင်တန်းဆင်းပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစောရင်က သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ရာ ခရိုင်အုပ်ချုပ်ရေးမှူးကအခြေခံအိမ်တွင်းမှု သင်တန်းထူးချွန် ပထမဆုနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းထူးချွန် ပထမဆု ရရှိသူတို့အား အပ်ချုပ်စက်တစ်စုံစီကို ပေးအပ်ချီးမြှင့်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်က သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်လုပ်ငန်းများ လှည်းကူး၌ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်သည် လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဖောင်ကြီးကျေးလက်ဈေး၊ မင်းကုန်းကျေးလက်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဈေးသန့်ရှင်းရေး၊ သား၊ ငါးရောင်းချမှု အခြေအနေများကို မတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ **(အောက်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ညွှန်ကြားရေးမှူးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးမီးဘေးလုံခြုံရေး၊ ဈေးသန့်ရှင်းရေး လုပ်ငန်းများအတွက်ဆောင်ရွက်ရန်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး၊ အခြားမီး သုံးပြီးသတိ အမြဲရှိ

● *ကျောဖုံးမှ*

အခုအချိန်မှာတော့ အာကာသယာဉ်စခန်းကနေပြီး ဗီဒီယိုရိုက်ချက်တွေနဲ့ ရုပ်ရှင်အဖြစ် ရိုက်ကူးထားတာမို့ အရုပ်နဲ့အသံကို အရည်အသွေးမြင့်မားစွာ မြင်တွေ့ကြရတော့မှာ ဖြစ်ပါတယ်။ ဒီလိုပီပြင်တဲ့ ဗီဒီယိုရိုက်ချက်တွေကို ယူရီဂါဂါရင်ရဲ့ မူလအသံမှတ်တမ်းနဲ့အတူ အံဝင်ခွင်ကျဖြစ်အောင်တည်းဖြတ်ပြီး ပြသသွားမှာ ဖြစ်တယ်လို့ အဲဒီရုပ်ရှင်ကို ရိုက်ကူးနေတဲ့ ဒါရိုက်တာ ဒေါက်တာခရစ်ရီလေက ပြောကြားပါတယ်။

ဆင်းသက်နိုင်

ယူရီဂါဂါရင်ဟာ ၁၉၆၁ခုနှစ် ဧပြီ ၁၂ ရက် ဂရင်းနစ်စံတော်ချိန် ၀၆၀၇ နာရီမှာ ကာဇက်စတန်ရဲ့ ယူရာ တမ်ဒုံးပျံ လွှတ်တင်ရေးစခန်း (ယခု ဘိုင်ကိုနော အာကာသ ယာဉ်လွှတ်တင်ရေးစခန်း)ကနေပြီး အာကာသဒုံးပျံယာဉ်နဲ့ လွှတ်တင်ခဲ့လို့ ကမ္ဘာဂြိုဟ်ရဲ့အပြင်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲကို ပထမဆုံးရောက်ရှိခဲ့တဲ့ လူသားတစ်ဦးလည်း ဖြစ်ပါတယ်။ အာကာသအတွင်းမှာ ၁၀၈ မိနစ်ကြာအောင် အာကာသယာဉ်နဲ့ပျံသန်းခဲ့ပြီး ရုရှားနိုင်ငံ အနောက်တောင်ဘက် အင်ဂယ်မြို့အနီး မြေပြင်ကို ပြန်လည်ဆင်းသက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုရုပ်ရှင်မှာဆိုရင် နိုင်ငံတကာအာကာသယာဉ်စခန်းကနေပြီးကမ္ဘာရဲ့ ပုံရိပ်တွေကို ရိုက်ကူးရတာမို့ယူရီဂါဂါရင် မြင်တွေ့ခဲ့ရတဲ့ လွန်ခဲ့တဲ့နှစ် (၅၀)က ကမ္ဘာ့အပေါ်ယံလေထုလွှာအတွင်းမှာ ရှိခဲ့တဲ့ပုံရိပ်တွေနဲ့ ကမ္ဘာဂြိုဟ်ရဲ့ နေရာမျိုးစုံက ပုံရိပ်တွေလိုမျိုးတော့ ပြီးပြည့်စုံစွာ ဖော်ပြမြင်တွေ့နိုင်ဖို့ အကန့်အသတ်ရှိနေတာတော့ အမှန်ပါပဲ။

ဒါပေမယ့် နိုင်ငံတကာ အာကာသယာဉ်စခန်းပေါ်ကနေပြီး ကမ္ဘာ့ဝင်ရိုးစွန်းတွေရဲ့ ပုံရိပ်တွေကိုတော့ အနီးကပ်ထင်ထင်ရှားရှား မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီရုပ်ရှင်ကားထဲမှာတော့ ယူရီဂါဂါရင်ရဲ့ မူရင်းအသံနဲ့အတူ အဲဒီတုန်းက ကမ္ဘာဂြိုဟ်ရဲ့ ပုံရိပ်



ယူရီဂါဂါရင်၏ အာကာသယာဉ်ပျံသန်းမှု ရုပ်ရှင်အတွက် နိုင်ငံတကာ အာကာသယာဉ်စခန်းပေါ်၌ ဓာတ်ပုံများရိုက်ယူရန် ကြိုးစားနေသည့် ရုပ်ရှင်ဓာတ်ပုံဆရာ အာကာသယာဉ်မှူး ပေါလိုနက်စ်ပိုလီအား တွေ့ရစဉ်။

ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင်။

တွေ၊ အာကာသရဲ့ အနေအထားတွေအတိုင်းမြင်တွေ့နိုင်အောင် ကြိုးစားရိုက်ကူးထားတယ်လို့ ဆိုပါတယ်။ အခုဆိုရင် နိုင်ငံတကာ အာကာသယာဉ်စခန်းပေါ်မှာ ဥရောပအာကာသ အေဂျင်စီရဲ့ အာကာသယာဉ်မှူးလည်းဖြစ်ပြီး ဒီရုပ်ရှင်ဇာတ်ကားမှာ ရုပ်ရှင်ဓာတ်ပုံဆရာတစ်ဦးအဖြစ် တာဝန်ယူထားတဲ့ ပေါလိုနက်စ်ပိုလီဟာ ကမ္ဘာဂြိုဟ်ရဲ့ အကောင်းဆုံးပုံရိပ်တွေကို ရှုထောင့်အမျိုးမျိုးက ဗီဒီယိုကင်မရာနဲ့ ရိုက်ကူးပြီး မြေပြင်စခန်းမှာရှိတဲ့ ဒီရုပ်ရှင်ရဲ့ ဒါရိုက်တာ ဒေါက်တာရီလေထံ ပြန်ပို့ပေးနေတာမို့ အခုဆိုရင်နောက်ဆုံး အဆင့်ဖြည့်စွက်တည်းဖြတ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားမှာ တေးရေးဆရာ ဖီးလစ်ရှိတ်ပတ်ရေးသားတဲ့ တေးဂီတသံစဉ်တွေနဲ့အတူ ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင်ရဲ့ မူရင်းအသံကို နားဆင်ခံစားရင်းအာကာသနဲ့ ကမ္ဘာဂြိုဟ်တို့ရဲ့ ပုံရိပ်တွေ၊ အာကာသယာဉ်ပျံသန်းမှုတွေကို မြင်တွေ့ခံစားကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီတေးဂီတသံစဉ်တွေနဲ့အတူ ယူရီဂါဂါရင်ရဲ့ မူရင်းစကားသံတွေကို ဘီဘီစီ၊ တာ့စ်နဲ့ ရေဒီယိုမော်စကိုစတဲ့ အသံလွှင့်ဌာနတွေကလည်း ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။

အဲဒီရုပ်ရှင်ကို ပထမဆုံးအာကာသခရီးစဉ် ပျံသန်းမှုနှစ်(၅၀)ပြည့်နေ့ဖြစ်တဲ့ ဧပြီ ၁၂ရက်မှာ တစ်ကမ္ဘာလုံးကိုထုတ်လွှင့်မှာဖြစ်လို့ အခမဲ့ဖမ်းယူကြည့်ရှုနိုင်ကြတော့မှာ ဖြစ်ပါတယ်။ ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင်ဟာ တစ်နာရီ ၂၇၄၀၀ကီလိုမီတာနှုန်း ပျံသန်းတဲ့ အာကာသယာဉ်နဲ့ ကမ္ဘာကို တစ်ပတ်ပတ်ခဲ့တဲ့အတိုင်း ရုပ်ရှင်အတတ်ပညာနဲ့ ဖန်တီးပြီး ရိုက်ကူးတင်ဆက်ထားတာဖြစ်တာမို့ ကမ္ဘာတစ်ဝန်းလုံးက ပရိသတ်တွေ အာကာသတစ်ခွင် ကိုယ်တိုင်ရောက်ရှိနေသကဲ့သို့ ကြည့်ရှုခံစားနိုင်ကြတော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။ ***ကိုးကား-အင်တာနက်***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သေခြင်းတည်ရာ အဝိဇ္ဇာရှာ** တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၄)
၈:၄၅	April Music Show (Part-5)
၉:၂၅	Road to Sai Sai Birthady Show
၉:၃၅	Science For All (ပျက်သုဉ်းလျက်ရှိသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ထွန်းနေစိုး)
၁၀:၀၅	ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာမိသားစု၏ အလှူမင်္ဂလာ
၁၀:၂၀	ခါသကြ်ာန်အဆိုအကများ
၁၀:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၀	The Champion of Dance
၁၁:၃၀	အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ မာယာအနမ်းအမှတ်တရကမ်းခြေ ဇာတ်ကား
၁၁:၄၀	MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၁၀	ရည်မှန်းကာကုသိုလ်ယူ အထက (၂)ကမာရွတ်၏ ရဟန်းခံ၊ ရှင်ပြုအလှူ
၁၂:၂၅	မိုးဟိန်းတူရိယာဆိုင် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း
၁၂:၃၅	ဆင်နွဲ့ကာပူဇော် မဟာရွှေစည်ကြီး ဗုဒ္ဓပူဇနိယပွဲတော်
၁:၀၀	**သေခြင်းတည်ရာ အဝိဇ္ဇာရှာ** တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆၆)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၄)
၅:၀၀	ခါသကြ်ာန်အဆိုအကများ
၅:၁၀	သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဒူရိယ၏ သက်တော် (၁၀၀) ရာပြည့်ပူဇော်ပွဲ
၅:၃၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ဆင်ပေါက်)
၅:၅၀	ခါသကြ်ာန်အဆိုအကများ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Road to Sai Sai Birthady Show
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆၇)
၇:၂၀	April Music Show (Part-6)
၈:၀၀	MRTV-4 သတင်း
၈:၃၀	MRTV-4 မြန်မာ့ရိုးရာသကြ်ာန်
၈:၄၅	စကားနပန်း **လွှမ်းတတ်တာကောင်းတယ်၊ မလွှမ်းတတ်တာကောင်းတယ်**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂၅)
၁၀:၁၅	အားကစားမြင်ကွင်းစုံ
၁၀:၄၅	ရန်အောင်သကြ်ာန်
၁၁:၂၀	အနုပညာမိုးကောင်းကင်
၁၁:၄၀	ဂီတသရုပ်ပြခန်း (ရာသီစာနှစ်)
၁၂:၀၅	JICA Myanmar၏ မေတ္တာကွန်ရက်များဆီသို့…(အဓိက ကူးစက်တတ်သော ရောဂါများကာကွယ်ထိန်းချုပ်ရေးစီမံကိန်း)
၁၂:၃၀	Box Office Movies (Fast & Furious 4)
၁၂:၅၀	**ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၂:၅၅	ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်း၏ ဆီထွက်သီးနှံပင်များ)
၁:၂၅	မြို့အလှဂုဏ်ကြွယ်… ရိုးရာစားဖွယ်
၁:၃၅	Celebrity Profile (Jet Li)
၂:၀၅	ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
၂:၁၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
၂:၄၀	အိုက်ကီဒိုနှင့် သမီးပျို
၂:၅၅	လမ်းညွှန်ပေးစက် GPS
၃:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀	တောင်တန်းပေါ်ကစိန်တလုံး
၄:၂၅	မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
၄:၃၅	မွန်မြတ်သောအလှူ ကုသိုလ်ယူ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Tourism & Hospitality သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဧပြီ ၆

MIEC.PMC Group က ကြီးမှူး၍ IAB Acdemy @ Bintan သင်တန်းကျောင်း၏ ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာသင်တန်းများသို့ အဆင်ပြေချောမောစွာ တက်ရောက်နိုင်ရန် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ IAB Acdemy @ Bintan ကျောင်းမှ ဒီပလိုမာသင်တန်းပြီးသူများနှင့် အဆင့်မြင့်ဒီပလိုမာသင်တန်းပြီးသူများအနေနှင့် Hotel/ Restaurant Supervisors, Banquet/ Cathering Salesupervisors F& B Supervisors ရာထူးများဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ပြီး အင်ဒိုနီးရှား၊ စင်ကာပူ စသည့်ပြည်ပနိုင်ငံရှိ ဟိုတယ်ကြီးများနှင့်အဆင့်မြင့် ဂေါက်ကွင်းများတွင် တာဝန်ထမ်းဆောင်နိုင်သည့်အပြင် Fast Food Centres, Coffee Owllets Restaurant, Food Courts, Hotels လုပ်ငန်းများကိုလည်း တည်ထောင်နိုင်သည့် အရည်အချင်းကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

အသေးစိတ်ဆက်သွယ်မေးမြန်းလိုပါက MIEC.PMC Group ၁၂ထပ် အခန်း ၁ အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၅၆၆၀၂၊ ၃၉၂၆၁၇ နှင့် www. iabintan. Com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

7-4 (05).pmd 1 4/7/2011, 2:12 AM

ပြည်ထောင်စုရာထူးဝန်အဖွဲ့(၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၅ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့်ဇနီး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ငွေး၊ ဦးစိုးဦးနှင့် ၄င်းတို့၏ဇနီးများ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး**(အောက်ပုံ)** အဖွဲ့ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက်နှစ်(၃၀)ပြည့် ဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ထူးချွန်ဆုရရှိသူများ၊ ဗဟိုအဆင့် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲတွင် ဆုရရှိသူများ၊ အားကစားထူးချွန်ဆုရရှိသူများနှင့် ဦးစီးဌာန၊ တက္ကသိုလ်များ၌ အိမ်ရာစိုက်ပျိုးရေးနှင့် သန့်ရှင်းရေးဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လျှောင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ရန်ကုန်မြို့နေ ဦးငွေးအောင်၊ ဒေါ်ငွေးငွေးညွှန့် ဆာကူရာကုမ္ပဏီ မိသားစုက လှူဒါန်းသော အလှူငွေကျပ်သိန်း ၅၀ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မင်း ဘားအံမြို့ ရေပေးဝေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

ကရင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဇော်မင်းသည် ဧပြီ ၁ရက်က ဘားအံမြို့ ဘားမဲတောင်ပေါ်ရှိ ရေပေးဝေရန် အသစ်ထပ်မံတည်ဆောက်ပြီးသည့် ရေဂါလန်တစ်သိန်းဆံ့ ရေကန်နှင့် လက်ရှိ ဘားအံမြို့အား ရေပေးဝေဖြန့်ဖြူးလျက်ရှိသည့် ရေပေးဝေကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် အဝီစိတွင်းတူးဖော်နေမှု၊ သစ်တောပျိုးဥယျာဉ်၌ ပြည်နယ်သစ်တောဦးစီးဌာနက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ ပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှု၊ အမှတ်(၉)ရပ်ကွက်သို့ ရေပေးနိုင်ရေးအတွက် ရေဂါလန်ငါးသောင်းဆံ့ ရေကန်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂ရက်က ဘားအံမြို့နယ် မြိုင်ကလေးစံပြကျေးရွာအနီး တောင်သူများ စုပေါင်းကျင်းပသည့် နွေစပါးထယ်ရေးငင်ခြင်းနှင့်သဘာဝမြေသြဇာစုပေါင်းကြဲပက်ပွဲကို တက်ရောက်အားပေးပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနတို့က ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဆိုင်ရာ လယ်ယာသုံး စက်ကိရိယာများ၊ ပိုးသတ်ဆေးမျိုးစုံ၊ သဘာဝမြေသြဇာ၊ ရွက်ဖျန်းအားတိုးဆေးမျိုးစုံနှင့် နည်းပညာပေးစာအုပ်များ ခင်းကျင်းပြသထားရှိမှုတို့ကို တောင်သူများနှင့်အတူ လှည့်လည်ကြည့်ရှုသည်။

ချီးမြှင့်

ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၃ရက်က ဘားအံမြို့ ကျက်သရေဆောင် အတုလသာသနိကဗိမာန်တော်အတွင်း၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် ဓမ္မာစရိယနှင့်ပါဠိပထမပြန် စာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာများအား အောင်လက်မှတ်နှင့် စာအောင်ဆုငွေ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘိုးလိန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၁ ခုနှစ် အခြေခံနွေရာသီသင်တန်းဆင်းပွဲကို ဧပြီ ၂ ရက်က သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ဘိုးလိန်းအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံ ဘိုးလိန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်စဉ်။ (မြန်မာနိုင်ငံဘိုးလိန်းအဖွဲ့ချုပ်)

စစ်ကိုင်းမြို့နယ်အတွင်း မြို့၏အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များတွင် လမ်းမီးများ မီးလင်းရေးအတွက် မတ် ၁၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင်နှင့် မြို့နယ်လျှပ်စစ်အဖွဲ့ရုံးမှ ဦးမောင်စိုး (လျှပ်စစ်ကျွမ်းကျင်အဆင့်-၅)တို့ ဆိုဒီယမ်မီးလုံး၊ မာကျူရီမီးလုံးနှင့် မီးချောင်းများ အစားထိုးလဲလှယ်တပ်ဆင်ကြစဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၁)စက်မှုဝန်ကြီးဌာနဈေးရောင်းပွဲ ကျိုက်လတ်၌ ကျင်းပ

ကျိုက်လတ် ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက် (၇)လမ်း (ဦးစန္ဒာလမ်းနှင့်ဦးပြုံးချိုလမ်း)တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အထူးဈေးရောင်းပွဲတော်ကြီးကြပ်ရေးမှူး တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ယဉ်ငွေးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အထူးဈေးရောင်းပွဲတော်ကို မတ် ၂၃ ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့ကြောင်းနှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ စားသောက်ကုန်၊ အဖျော်ယမကာအမျိုးမျိုး၊ ဆေးပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စတီးလ်ပစ္စည်းအမျိုးမျိုး၊ အပ်ချုပ်စက်ခေါင်းများ၊ လူကြီးစက်ဘီး၊ ကလေးစက်ဘီးပစ္စည်းအမျိုးမျိုးနှင့် ဗလာစာအုပ်အမျိုးမျိုးတို့ကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ယာယီရေဆက်သွယ်ခွင့်လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၆

၁၃၇၂ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကိုဆက်သွယ်ကစားလိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၁ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ယာယီရေ ဆက်သွယ်ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်ပြီး လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်)တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတို့၌ အခမဲ့ထုတ်ယူနိုင်သည်။ ခွင့်ပြုမိန့်လျှောက်ထားရာ၌ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်(ရေ/သန့်) တာဝန်ခံတို့၏ မှတ်ချက်ရယူ၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၏ မဏ္ဍာပ်ဆောက်လုပ်ခွင့်တို့ ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပြီး ရေဆက်သွယ်မှုကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက စည်းကမ်းချက်များနှင့် အညီ ရေကစားမဏ္ဍာပ်သို့ ရေဆက်သွယ်ပေးမည်ဖြစ်သည်။

ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးနှင့် အခြားမြေစိုက်တန်းများမှ ရေပိုက်ကို ဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်း လုံးဝမပြုလုပ်ရန် အသိပေးနှိုးဆော်ထားပြီး ပြုလုပ်ပါက ဥပဒေ၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှု အခြေအနေ

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

၂၁ ရာစု၏ ပထမဆယ်စုနှစ်တွင် ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ သိသာထင်ရှားစွာ များပြားလာခဲ့ပြီး ပထမဆယ်စုနှစ်၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၀ ခုနှစ်သည် ဒေသအများအပြား၌ အပူချိန်အမြင့်ဆုံးနှစ်အဖြစ် စံချိန်တင်သတ်မှတ်ခဲ့ရပါသည်။ ဟေတီ၊ ချီလီနှင့် တရုတ်နိုင်ငံများ၌ ငလျင်လှုပ်မှုများ၊ ပါကစ္စတန်နှင့် ဥရောပ၌ ရေကြီးမှုများ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှား၌ တောမီးလောင်မှုများ၊ အာရှ၌ ဆိုင်ကလုန်းမုန်တိုင်းများနှင့် အပူပိုင်းမုန်တိုင်းများတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့လူဦးရေ သန်း ၂၀၀ ခန့် ဘေးဒုက္ခရောက်ခဲ့ကြကာ လူပေါင်း ၂၅၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် ဆုံးရှုံးခဲ့ပါသည်။

ယခု ၂၀၁၁ ခုနှစ်၏ နှစ်ဦးပိုင်းကာလကိုလည်း ဩစတြေးလျ၊ တရုတ်၊ ဘရာဇီး၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ ဂျာမနီ၊ ဖိလစ်ပိုင်နှင့် ဆော်ဒီအာရေဗီးယား နိုင်ငံများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ အမေရိကန်ပြည်ထောင်စု၌ အအေးလွန်ကဲခြင်း၊ နှင်းမုန်တိုင်းများတိုက်ခတ်ခြင်း၊ တရုတ်နိုင်ငံ၌ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခြင်း၊ အိန္ဒိယ၌ အအေးလှိုင်းကျရောက်ခြင်း၊ ဩစတြေးလျတွင် ၁၇၅ မိုင်နှုန်းရှိသော အလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခိုက်ခြင်း စသည့် ရာသီဥတုဖောက်ပြန်မှုများက ဆီးကြိုခဲ့ပါသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာရခြင်း၏ အဓိကအကြောင်းရင်းသည်လည်း ကမ္ဘာလေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ (CO_2)အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏ ပိုမိုများပြားလာခြင်းကြောင့်ဖြစ်သည်ကို စာရှုသူများ သိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့်ပင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရန်အတွက် မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ရပ် ဖြစ်နေပါသည်။

ဤသို့လျှော့ချရေးတွင် မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases-GHGs)၏ ထုတ်လွှတ်မှုအခြေအနေနှင့် ယင်းတို့၏ပမာဏကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ၎င်းတို့၏နိုင်ငံများ၌ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်သည့် အရင်းအမြစ်များမှ GHGs ထုတ်လွှတ်မှုပမာဏများနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖယ်ရှားပေးသည့် အရင်းအမြစ်များမှ ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားပေးနိုင်မှုပမာဏများကို သိရှိနိုင်ရန် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှစတင်၍ စာရင်းကောက်ယူခဲ့ကြပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဖယ်ရှားမှုအခြေအနေ

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ကရှိခဲ့သည့် GHGs ထုတ်လွှတ်မှုများနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဖယ်ရှားမှုအခြေအနေများကို ထပ်မံ၍ စာရင်းကောက်ယူခဲ့ပါသည်။ INC Project မှ "အမျိုးသားမှန်လုံအိမ်ဓာတ်ငွေ့စာရင်း ကောက်ယူရေးအဖွဲ့"၏ ပဏာမအစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များကိုလေ့လာနိုင်ရန်အလို့ငှာ ဇယားတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သော မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖယ်ရှားမှုအခြေအနေ

ထုတ်လွှတ်သည့်နေရာ/ စုပ်ယူသည့်နေရာ	CO_2			CO ထုတ်လွှတ်မှု	CH_4 ထုတ်လွှတ်မှု	N_2O ထုတ်လွှတ်မှု	NO_x ထုတ်လွှတ်မှု	ODS ထုတ်လွှတ်မှု	SF_6 ထုတ်လွှတ်မှု	CO_2e ထုတ်လွှတ်မှုပေါင်း	အသားတင် CO_2e ထုတ်လွှတ်မှုပေါင်း
	ထုတ်လွှတ်မှု	ဖယ်ရှားမှု	အသားတင် ထုတ်လွှတ်မှု								
(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)	(Gg)
စွမ်းအင်ကဏ္ဍ	၇၆၅၈·၆၅	-	၇၆၅၈·၆၅	-	၅·၆၂	၀·၂၈	-	၀·၁၁	၀·၀၀၃	၇၈၆၃·၄၇	၇၈၆၃·၄၇
ထင်းလောင်စာ သုံးစွဲမှု	(၂၇၈၃၃·၀၉)	-	(၂၇၈၃၃·၀၉)	-	(၇·၄၅၅၃)	(၀·၉၉၁၄)	-	-	-	(၂၈၂၉၇·၈၂)	(၂၈၂၉၇·၈၂)
စက်မှုကဏ္ဍ	၂၄၈·၅၉	-	၂၄၈·၅၉	-	-	-	-	-	-	၄၆၃·၂၉	၄၆၃·၂၉*
စိုက်ပျိုးရေးကဏ္ဍ	-	-	-	၀·၈၁	၉၆၃·၅၈	၈·၂၇၀၆	၀·၀၂၂	-	-	၂၂၈၄၃·၈၅	၂၂၈၄၃·၈၅
က·စိုက်ပျိုးရေး	-	-	-	၀·၈၁	၅၀၇·၂၃	၈·၂၇၀၆	၀·၀၂၂	-	-	၁၃၂၁၇·၁၁	-
ခ·မွေးမြူရေး	-	-	-	-	၄၅၆·၃၅	-	-	-	-	၉၅၈၃·၃၅	-
သစ်တောကဏ္ဍ	၃၃၆၅၆·၅၁	၁၄၂၂၁·၁၉	(-)၁၀၈၅၆၄·၆၈	၂၂၁၅·၃၇	၁၄၄·၈၅	၄·၂၆	၃၄·၀၈	-	-	၄၀၄၀၄·၇၃	(-)၁၀၁၈၁၆·၄၆
အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ	-	-	-	-	၁၃၄·၅၇	-	-	-	-	၂၈၂၅·၉၇	၂၈၂၅·၉၇
စုစုပေါင်း	၄၁၅၆၃·၇၅	၁၄၂၂၂၁·၁၉	(-)၁၀၀၆၅၇·၄၄	၂၂၁၆·၁၈	၁၂၄၈·၆၂	၁၂·၈၁၀၆	၃၄·၁၀၂	၀·၁၁	၀·၀၀၃	၇၄၄၀၀·၇၁	(-)၆၇၈၂၀·၄၈

မှတ်ချက်။ GWPs သတ်မှတ်ချက်အရ - CO = CO_2 × 1, CH_4=CO_2 × 21, N_2O=CO_2 × 310, NO_x=CO_2 × 5, ODS=CO_2 × 1300 နှင့် SF_6=CO_2 × 23900 ဖြင့် တွက်ချက်ထားပါသည်။ နေ့စဉ် ထမင်းဟင်းချက်ပြုတ်ရာတွင် အသုံးပြုသည့် ထင်းလောင်စာများမှ ထွက်ရှိသော GHGs များကို သိရှိနိုင်ရန်အတွက်သာ ဖော်ပြခြင်းဖြစ်ပါသည်။ 2006 IPCC Guidelines အရ ထုတ်လွှတ်မှုစုစုပေါင်းတွင် ထည့်သွင်းဖော်ပြရန်မလိုပါ။

ဤဇယားအရ စွမ်းအင်ကဏ္ဍမှ စက်တပ်ယာဉ်ယန္တရားအမျိုးမျိုးနှင့် အလုပ်ရုံ၊ စက်ရုံများအတွက် သုံးစွဲသည့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စသည့် ရုပ်ကြွင်းလောင်စာများမှ ထုတ်လွှတ်သည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏ စုစုပေါင်းပမာဏသည် ၇၈၆၃ ဒသမ ၄၇ Gg CO_2e ရှိပါသည်။

(Gigagram, 1Gg=10^9g or 1000 metricton၊ CO_2e-CO_2 equivalent-ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ညီမျှသည်။ မှန်လုံအိမ်ဓာတ်ငွေ့များ၏ အပူလှိုင်းများကို ဖမ်းယူနိုင်မှု၊ တစ်နည်းအားဖြင့် အပူအားပေးမှုအတိုင်းအတာကို Global Warming Potentials-GWPs၊ ကမ္ဘာကြီးပူနွေးစေမှုစွမ်းအားဖြင့် သတ်မှတ်ပြီး CO_2ကို စံထားပါသည်။ CO_2 equivalent ကို တွက်ချက်ရာတွင် GWPs ၏ သတ်မှတ်ချက်အရ မီသိန်းသည် CO_2 ၏ ၂၁ ဆ၊ နိုက်ထရပ်စ်အောက်ဆိုက် (N_2O)သည် CO_2၏ အဆ ၃၁၀ ရှိပါသည်။

ဤကဏ္ဍမှ ၁၉၉၀ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏသည် ၆၀၈၆ ဒသမ ၁၄ Gg ရှိခဲ့သဖြင့် ၂၉ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာသည်နှင့်အမျှ အလုပ်ရုံ၊ စက်ရုံများ၊ မော်တော်ယာဉ်များ၊ ယာဉ်ယန္တရားကြီးများ၊ မီးရထားများ သိသာစွာ များပြားလာသဖြင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှု တိုးတက်မြင့်မားလာခြင်းကြောင့် ဖြစ်သည်။ နေ့စဉ် ထမင်းဟင်းချက်ပြုတ်ခြင်းနှင့် အိမ်တွင်း စက်မှုလုပ်ငန်းများတွင် အဓိကသုံးစွဲသည့် ထင်းလောင်စာသုံးစွဲခြင်းမှ CO_2e ပမာဏ ပေါင်း ၂၈၂၉၇ ဒသမ ၈၂ Gg ထုတ်လွှတ်ပါသည်။

စက်မှုကဏ္ဍတွင် ဘိလပ်မြေ၊ ယူရီးယားဓာတ်မြေဩဇာ၊ သံ၊ သံမဏိနှင့် သတ္တုအမျိုးမျိုး၊ မှန်၊ ထုံး စသည်များ ထုတ်လုပ်ခြင်းနှင့် စားသောက်ကုန်များ၊ လေအေးစက်၊ ရေခဲသေတ္တာနှင့် လျှပ်စစ်ပစ္စည်း စသည်များအသုံးပြုခြင်းမှ ဓာတ်ငွေ့များထုတ်လွှတ်မှုစုစုပေါင်းပမာဏသည် CO_2e ၄၆၃ ဒသမ ၂၉ Gg ရှိခဲ့ပါသည်။ ၁၉၉၀ ခုနှစ်က ဤကဏ္ဍမှ ၁၈၀ ဒသမ ၄၄ Gg သာရှိခဲ့ပါသည်။ (ထိုအချိန်က ဘိလပ်မြေစက်ရုံ အနည်းငယ်သာရှိခဲ့ပြီး ၎င်းစက်ရုံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တစ်ခုတည်းကိုသာ တွက်ချက်ခဲ့ခြင်းဖြစ်ပါသည်။) ထို့ကြောင့် စက်မှုကဏ္ဍမှလည်း GHGs ထုတ်လွှတ်မှု ၁၅၆ ဒသမ ၈ ရာခိုင်နှုန်းတိုင် မြင့်တက်ခဲ့ပါသည်။ နိုင်ငံတော်၏ စက်မှုထုတ်ကုန်များ သိသာစွာ တိုးတက်မြင့်မားလာခြင်းကြောင့် ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပါဝင်ပါသည်။ စိုက်ပျိုးရေးမှ ၂၀၀၀ ပြည့်နှစ်က CO_2e စုစုပေါင်း ပမာဏ ၁၃၂၁၄ ဒသမ ၇၅ Gg ထုတ်လွှတ်ခဲ့ရာ ရေမြုပ်စပါးခင်းများမှ ထုတ်လွှတ်သည့် မီသိန်းဓာတ်ငွေ့သည် အဓိကကျပါသည်။ ရေမြုပ်စပါးခင်းများမှ မီသိန်းပမာဏ ၅၀၇ ဒသမ ၂၃ Gg ထုတ်လွှတ်ခဲ့ရာ ၎င်းသည် CO_2 ၁၀၆၅၁ ဒသမ ၈ Gg နှင့် ညီမျှသဖြင့် စိုက်ပျိုးရေးမှထုတ်လွှတ်သော CO_2e စုစုပေါင်းပမာဏ၏ ၈၀ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိပါသည်။ ထို့ပြင် လယ်ယာမြေများတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ(နွားချေးအများဆုံး) များသုံးစွဲခြင်း၊ ကျွဲ၊ နွားများအား လယ်ယာမြေများ၌ လွှတ်ကျောင်းထားရာမှ ယင်းတို့က စွန့်ပစ်သော မစင်နှင့် ကျင်ငယ်များ၊ လယ်ယာမြေများ ရိတ်သိမ်းပြီးနောက် ရိုးပြတ်များအား မီးရှို့ခြင်းမှ ထုတ်လွှတ်သည့် ကာဗွန်မိုနော့ဆိုက်၊ နိုက်ထရပ်စ်အောက်ဆိုက်၊ နိုက်ထရိုက်အောက်ဆိုက်ဓာတ်ငွေ့များ (NO_x)၏ ထုတ်လွှတ်မှုပမာဏပေါင်းသည် ၂၅၄၂ ဒသမ ၉၅ Gg CO_2e ရှိပါသည်။

စာရေးသူတို့နိုင်ငံအတွက် ပိုမိုမှန်ကန်သည့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိန်းကို သိရှိနိုင်ရန်အတွက် စပါးခင်းအမျိုးမျိုး၌ မီသိန်းထုတ်လွှတ်မှုပမာဏများကို လက်တွေ့စမ်းသပ်တိုင်းတာလျက်ရှိပါသည်။ နောင်တွင် ယခု သုတေသနပြုချက်မှရရှိမည့် မီသိန်းထုတ်လွှတ်မှုကိန်းများကို အသုံးချနိုင်မည်ဖြစ်ပါသည်။

မွေးမြူရေးမှ ၂၀၀၀ ပြည့်နှစ်တွင် CO_2e ပမာဏစုစုပေါင်း ၉၆၄၈ ဒသမ ၅၀ Gg ထုတ်လွှတ်ခဲ့သည့်အနက် မွေးမြူရေးတိရစ္ဆာန်များမှ ထုတ်လွှတ်သည့် မီသိန်းဓာတ်ငွေ့သည် အဓိကကျပါသည်။ မြန်မာနိုင်ငံ၌ ၂၀၀၀-၂၀၀၁ ခုနှစ်က နွားကောင်ရေပေါင်း ၁၀ ဒသမ ၉၈ သန်း၊ ကျွဲ ၂ ဒသမ ၄ သန်း၊ သိုးနှင့်ဆိတ် ၁ ဒသမ ၈ သန်း၊ ဝက် ၃ ဒသမ ၉၇ သန်းနှင့် ကြက် ၄၇ ဒသမ ၇၅ သန်းရှိခဲ့ရာ စားမြုံ့ပြန်တတ်သော မွေးမြူရေးတိရစ္ဆာန်များဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များ၏ အစာချေဖျက်ခြင်းမှ ထုတ်လွှတ်လိုက်သည့် မီသိန်းပမာဏပေါင်းသည် ၄၀၄ ဒသမ ၄၃ Gg ရှိခဲ့ရာ CO_2e ပမာဏပေါင်း ၈၄၉၃ ဒသမ ၀၃ Gg နှင့် ညီမျှပါသည်။

ထို့ပြင် မွေးမြူရေးတိရစ္ဆာန်များ၏ မစင်များကို မြေဩဇာအဖြစ် အသုံးပြုရာမှ ထွက်ရှိလာသည့် မီသိန်းပမာဏပေါင်းသည် ၅၂ ဒသမ ၀၇ Gg ရှိခဲ့ရာ CO_2e ပမာဏပေါင်း ၁၀၉၃ ဒသမ ၄၇ Gg နှင့် ညီမျှပြီး ယင်းမစင်များကို စုပုံထားရာမှထွက်ရှိသော နိုက်ထရပ်စ်အောက်ဆိုက်ပမာဏသည် သုည ဒသမ ၂ Gg ရှိခဲ့ရာ CO_2e ၆၂ ဒသမ ၀ Gg နှင့် ညီမျှပါသည်။

သစ်တောကဏ္ဍ

သစ်တောကဏ္ဍတွင် သစ်တောစိုက်ခင်းများတည်ထောင်ရန်အတွက် မြေပြုပြင်ရာတွင် တောကျန်ငုတ်တက်များ၊ အပင်များမီးရှို့ခြင်း(သစ်တောဝေါဟာရအရ-ကျွန်းခွေခြင်း)၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရန်အတွက် တောမီးရှို့ခြင်းနှင့် သစ်တောများပြုန်းတီးခြင်းမှ ကာဗွန်မိုနော့ဆိုက်(CO)၊ CO_2၊ CH_4၊ N_2O နှင့် NO_x များထုတ်လွှတ်ခဲ့ရာ ၎င်းဓာတ်ငွေ့များ၏ ထုတ်လွှတ်မှုပမာဏစုစုပေါင်းသည် CO_2e ၄၀၄၀၄ ဒသမ ၇၃ Gg ရှိပါသည်။ ၎င်းတို့အနက် သစ်တောများပြုန်းတီးခြင်းမှ ၉၂ ဒသမ ၄ ရာခိုင်နှုန်း၊ သစ်တောစိုက်ခင်းများတည်ထောင်ရန် မြေပြုပြင်ခြင်းများမှ ၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် ရွှေ့ပြောင်းတောင်ယာများမှ ၃ ရာခိုင်နှုန်း အသီးသီးရှိပါသည်။

အခြားကဏ္ဍများနှင့်မတူဘဲ သစ်တောကဏ္ဍ၏ထူးခြားချက်မှာ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဖယ်ရှားပေးနိုင်ခြင်း (Removal of CO_2)၊ တစ်နည်းအားဖြင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ကရှိခဲ့သော သဘာဝသစ်တောကြီးများ၊ သစ်တောစိုက်ခင်းများနှင့် သစ်ပင်များမှ ဖယ်ရှားပေးခဲ့သော CO_2 ပမာဏပေါင်းမှာ ၁၄၂၂၂၁ ဒသမ ၁၉ Gg ရှိပါသည်။ ယင်းပမာဏတွင် သဘာဝသစ်တောကြီးများမှ ၁၂၉၈၃၈ ဒသမ ၅၉ Gg၊ သစ်တောစိုက်ခင်းများမှ ၁၁၇၅၀ ဒသမ ၀၄ Gg၊ အိမ်ခြံဥယျာဉ်များရှိ သစ်ပင်များမှ ၄၇၀ ဒသမ ၀၇ Gg နှင့် ကားလမ်းဘေး ဝဲ၊ ယာရှိ သစ်ပင်များမှ ၁၆၂ ဒသမ ၄၉ Gg အသီးသီးပါဝင်ပါသည်။

သစ်တောကဏ္ဍတစ်ခုလုံး၏ အသားတင်ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏသည်(-)၁၀၁၈၁၆ ဒသမ ၄၆ Gg ရှိပါသည်။ တစ်နည်းအားဖြင့် အသားတင် CO_2 ဖယ်ရှားပေးနိုင်မှုစုစုပေါင်းပမာဏ ၁၀၁၈၁၆ ဒသမ ၄၆ Gg ရှိပါသည်။

အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ

မြို့နေလူထု နေ့စဉ်စွန့်ပစ်သည့်အမှိုက်နှင့်ရေဆိုးရေညစ်များ (solid waste and waste water) မှ ၂၀၀၀ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော မီသိန်းပမာဏပေါင်းသည် ၁၃၄ ဒသမ ၅၇ Gg ရှိသဖြင့် CO_2e ပမာဏပေါင်း ၂၈၂၅ ဒသမ ၉၇ Gg နှင့် ညီမျှပါသည်။ ၁၉၉၀ ပြည့်နှစ်က CO_2e ပမာဏပေါင်း ၂၆၈၆ ဒသမ ၄၃ Gg ရှိခဲ့သဖြင့် များစွာပြောင်းလဲမှုမရှိပါ။ ၁၉၉၀ ပြည့်နှစ်ကထက် ၅ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ မြင့်တက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အသားတင်မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏပေါင်း

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်က မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏစုစုပေါင်း CO_2e ၇၄၃၅၈ ဒသမ ၀၅ Gg ရှိခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖယ်ရှားမှု စုစုပေါင်းပမာဏသည် ၁၄၂၂၂၁ ဒသမ ၁၉ Gg ရှိခဲ့ရာ အသားတင် CO_2e ထုတ်လွှတ်မှုစုစုပေါင်းပမာဏသည် (-) ၆၇၈၆၃ ဒသမ ၁၄ Gg ရှိခဲ့ပါသည်။ စွမ်းအင်ကဏ္ဍ၊ ထင်းလောင်စာများသုံးစွဲခြင်းမှ ထုတ်လွှတ်ခဲ့သည့် CO_2e ပမာဏပေါင်း ၂၈၂၉၇ ဒသမ ၈၂ Gg ကိုပါ ထည့်သွင်းတွက်ချက်သည့်တိုင် CO_2e ထုတ်လွှတ်မှု စုစုပေါင်းပမာဏသည် (-) ၃၉၅၆၅ ဒသမ ၃၂ Gg ကျန်ရှိနေပါဦးမည်။ ထို့ကြောင့် ဖယ်ရှားမှုပမာဏစုစုပေါင်းက ထုတ်လွှတ်မှုပမာဏစုစုပေါင်းထက် များစွာကျော်လွန်လျက်ရှိနေပါသည်။ (မှတ်ချက်-၁၉၉၀ ပြည့်နှစ်က မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ အသားတင်ထုတ်လွှတ်မှုစုစုပေါင်းပမာဏသည် CO_2e ၄၁၅၀၀ ဒသမ ၂၀ Gg ရှိခဲ့ပါသည်။)

စာရေးသူတို့၏ နိုင်ငံတော်၌ သဘာဝသစ်တောကြီးများ များစွာကျန်ရှိနေသည့်အပြင် သာမက သဘာဝတောထိန်းလုပ်ငန်းများ၊ သဘာဝသစ်တာများအတွင်း ကွက်လပ်ဖြည့်စိုက်ခင်းများတည်ထောင်ခြင်း (Gap Planting) နှင့်တကွ နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်ရွာတစ်ဧက ကျေးရွာပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မသစ်တောစိုက်ခင်းများနှင့် ကားလမ်းဘေးဝဲ၊ ယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသောကြောင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏပေါင်း မြောက်မြားစွာကို ဖယ်ရှားပေးနိုင်ခြင်း ဖြစ်ပါသည်။ ထိုမျှမက စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြင့်လာခဲ့သော်လည်း ယင်းလုပ်ငန်းများအတွက် သုံးစွဲရသည့် လျှပ်စစ်စွမ်းအင်အများစုကို သန့်ရှင်းသောပြန်ပြည့်မြဲစွမ်းအင် (Green and Renewable Energy) တစ်မျိုးဖြစ်သည့် ရေအားစွမ်းအင် (Hydro - Power) မှ ရရှိခြင်းသည်လည်း မှန်လုံအိမ် ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို သိသာစွာလျော့နည်းစေသည့် အကြောင်းရင်း တစ်ရပ်ဖြစ်ပါသည်။

အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအခြေအနေ

၁၉၉၄ ခုနှစ်က အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ အသားတင်ထုတ်လွှတ်မှု စုစုပေါင်းပမာဏ (CO_2e မက်ထရစ်တန်သန်းပေါင်း)များမှာ တရုတ် ၃၆၄၉ ဒသမ ၈၂၇၂၊ အိန္ဒိယ ၁၄၂၉၂ ဒသမ ၀၊ အင်ဒိုနီးရှား ၄၉၈ ဒသမ ၃၊ ထိုင်း ၂၈၆ ဒသမ ၄၊ ဖိလစ်ပိုင် ၁၀၀ ဒသမ ၇၊ မလေးရှား ၇၅ ဒသမ ၆ အသီးသီးရှိပါသည်။ အာရှနိုင်ငံများအနက် မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အသားတင်ဖယ်ရှားပေးနိုင်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ CO_2e အသားတင် ဖယ်ရှားပေးနိုင်မှုပမာဏပေါင်းမှာ မက်ထရစ်တန်သန်း ၅ ဒသမ ၁၄ ရှိပါသည်။

၂၀၀၀ ပြည့်နှစ်က မြန်မာတစ်မျိုးသားလုံး၏ အသားတင် CO_2 ဖယ်ရှားပေးနိုင်မှု ပမာဏပေါင်းသည် ၃၉၅၆၅ ဒသမ ၃၂ Gg ရှိသဖြင့် မြန်မာနိုင်ငံမှ ကမ္ဘာကြီး တစ်ခုလုံး၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏစုစုပေါင်းတွင် CO_2 ပမာဏ မက်ထရစ်တန်သန်းပေါင်း ၃၉ ဒသမ ၅၇ ခန့်ဖြင့် ပါဝင်ချေဖျက်ပေးထားပါသည်။

ထို့ကြောင့် ကမ္ဘာလေထုအတွင်း များပြားနေသောမှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးတွင် စာရေးသူတို့နိုင်ငံမှ ပါဝင်အထောက်အကူပြုလျက်ရှိသည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက်-

၁။ သဘာဝသစ်တောကြီးများ အခွန့်ရှည်စွာ တည်တံ့စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်ရန်၊

၂။ သစ်တောစိုက်ခင်းများနှင့် သစ်ပင်များကို နည်းလမ်းမျိုးစုံဖြင့် အင်တိုက်အားတိုက် တည်ထောင်စိုက်ပျိုးကြရန်၊

၃။ နိုင်ငံအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်လာမည့်စွမ်းအင်များကို မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကင်းစင်သော ရေအားစွမ်းအင်မှ အဓိကထုတ်လုပ်သုံးစွဲရန်၊

၄။ လူနေမှုအဆင့်အတန်း မြင့်မားလာသည့်အလျောက် ပိုမိုသုံးစွဲလာမည့် စွမ်းအင်များကို ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်နှင့် ဇီဝဓာတ်ငွေ့များမှ ထုတ်ယူသည့်လျှပ်စစ်ဓာတ်အားများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

၅။ လောင်စာကုန်ကျမှုသက်သာသည့် စွမ်းအားမြှင့်အိမ်သုံးမီးဖိုများ (Effecient Cookstove) ကို ကျယ်ပြန့်စွာ တိုးချဲ့အသုံးပြုရန်၊

၆။ Power Plant များတွင် လက်ရှိအသုံးပြုနေသော ရုပ်ကြွင်းလောင်စာသုံး မီးဖိုကြီးများ (Furnace) နှင့် အခြားမီးဖိုကြီးများ၏စွမ်းရည်ကို တိုးမြှင့်အောင် ဆောင်ရွက်ရန်၊

၇။ သန့်ရှင်းသောပြန်ပြည့်မြဲစွမ်းအင် (Green and Renewable Energy) များဖြစ်သည့် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်များနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

၈။ စက္ကူဟောင်းများ၊ ပုလင်းခွံ၊ ဘူးခွံဟောင်းများနှင့် ပစ္စည်းဟောင်းများအား ပြန်လည်အသုံးပြုရန်နှင့် ပြန်လည်ထုတ်လုပ် (Reuse and Recycle) ရန်၊

၉။ အဆောက်အအုံများ၏ အမိုးများကို အရောင်ဖျော့ပြီး အလင်းပြန်မှုများသော အမိုးပြားများဖြင့် မိုးရန်၊

၁၀။ နေ့စဉ်သွားလာလုပ်ကိုင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက စနစ်တကျ ပြုမူနေထိုင်ခြင်းဖြင့် စွမ်းအင်အလဟဿ ဖြုန်းတီးမှုများ လျော့နည်းစေရေး အတွက် ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

စာရေးသူတို့၏ သားသမီးမြေးမြစ် လူသားမျိုးနွယ်များအား **"အေးမြသော ကမ္ဘာကြီး"** ကို အမွေပေးခဲ့နိုင်ရေးအတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရန် မှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ။

စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်လည်း လိုက်ပြောင်းရမည်၊ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏

ဗဟိုကချုပ်ကိုင်သည့် စနစ်အစား အောက်ခြေက အဆင့်ဆင့်တာဝန်ယူပြီး အထက်ကို ပြန်တာဝန်ခံသည

❖ *ရှေ့ဖုံးမှ*

ထို့ကြောင့် တိုင်းပြည်၏တာဝန်မှာ မိမိတို့ပခုံးထက်ကို ရောက်ရှိလာခဲ့ပြီဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းပြည်ကို ကောင်းအောင်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

တာဝန်များ

တိုင်းပြည်ကို တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အစိုးရအဖွဲ့အနေဖြင့် လိုက်နာပြုကျင့်ရမည့်တာဝန်များကို ၃၀-၃-၂၀၁၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့ပြီးဖြစ်သည့်အပြင် ၃၁-၃-၂၀၁၁ ရက်နေ့က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလည်း ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ဤလုပ်ငန်းများ၊ ဤတာဝန်များကို ဝန်ကြီးဌာနများအားလုံး အသီးသီး တာဝန်ခွဲဝေယူပြီး အောင်အောင်မြင်မြင်

✳ တာဝန်များကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနများကို မိမိအနေဖြင့် ယုံယုံကြည်ကြည် ခွဲဝေအပ်နှင်းပါကြောင်း။

✳ တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်များကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းပါကြောင်း၊ ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့လုပ်ရမည့်တာဝန်များ၊ မိမိတို့လုပ်သင့်သည့်အလုပ်များကို လုပ်ကြရန်နှင့် မည်သူ၏ တိုက်တွန်းချက်ကိုမျှ စောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွဖြင့် လုပ်ကြရန် ဖြစ်ပါကြောင်း။

✳ တာဝန်ရှိလာကြပြီ ဖြစ်သည့်အတွက် တာဝန်သိရန်လိုပါကြောင်း၊ မိမိတို့ လုပ်ဆောင်ချက်၏ အဆိုးအကောင်းကို တာဝန်ယူကြရန်လည်း လိုအပ်ပါကြောင်း၊ စေတနာအလျောက် လုပ်နည်းကိုင်နည်း မှားယွင်းသွားခြင်းကို သည်းခံခွင့်လွှတ်နိုင်သော်လည်း ပုဂ္ဂိုလ်ရေးအရ မှားယွင်းမှုမျိုး မဖြစ်ရန်ကိုမူ ဂရုစိုက်ကြရန်လိုပါကြောင်း။

အခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတ
ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် ပြည်ေ
ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်န
ပြည်ထောင်စုဒုတိယဝန်ကြီးများအား တွေ့ရစဉ်။

ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤတာဝန်များကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနများကို မိမိအနေဖြင့် ယုံယုံကြည်ကြည် ခွဲဝေအပ်နှင်းပါကြောင်း။

တက်တက်ကြွကြွ

တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်များကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းပါကြောင်း၊ ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့လုပ်ရမည့် တာဝန်များ၊ မိမိတို့လုပ်သင့်သည့် အလုပ်များကို လုပ်ကြရန်နှင့် မည်သူ၏ တိုက်တွန်းချက်ကိုမျှ စောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွဖြင့် လုပ်ကြရန် ဖြစ်ပါကြောင်း။

တာဝန်ရှိလာကြပြီဖြစ်သည့်အတွက် တာဝန်သိရန်လိုပါကြောင်း၊ မိမိတို့ လုပ်ဆောင်ချက်၏ အဆိုးအကောင်းကို တာဝန်ယူကြရန်လည်းလိုအပ်ပါကြောင်း၊ စေတနာအလျောက် လုပ်နည်းကိုင်နည်း မှားယွင်းသွားခြင်းကို သည်းခံခွင့်လွှတ်နိုင်သော်လည်း ပုဂ္ဂိုလ်ရေးအရ မှားယွင်းမှုမျိုး မဖြစ်ရန်ကိုမူ ဂရုစိုက်ကြရန်လိုပါကြောင်း။

ဝန်ကြီးဌာနအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အမှားအယွင်းမရှိရအောင် နိုင်ငံတော်၏ မူဝါဒနှင့်ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို သိရှိပြီး ယင်းဘောင်အတွင်းက လွတ်ထွက်မသွားရန် အထူးအရေးကြီးပါကြောင်း၊ ဘာပဲလုပ်လုပ် ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်စေရေး၊ တိုင်းပြည်၏ ဂုဏ်သိက္ခာကို မထိခိုက်စေရေးနှင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မထိခိုက်စေရေး သတိထားကြရမည်ဖြစ်ပါကြောင်း။

ထိန်းကျောင်းဆောင်ရွက်

အစပိုင်းတွင် ပြည်ထောင်စုအဆင့် လုပ်ရမည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ရမည့်လုပ်ငန်းများမှာ ရောထွေးယှက်တင်မှုများ ရှိနေမှာဖြစ်သော်လည်း အတွေ့အကြုံရှိလာသည်နှင့်အမျှ သီးခြားစီခွဲထုတ်လုပ်ကိုင်နိုင်ကြမှာဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ ဘတ်ဂျက်ရသုံးငွေစာရင်းများကိုလည်း လုပ်ငန်းများအခြေတကျမဖြစ်မီ ပြည်ထောင်စုအဆင့်က ထိန်းကျောင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများကို ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် များများအားပေးရန်လိုပါကြောင်း၊

■ **ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်
ကြောင်း၊ လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည
သည်လည်း တိုးလာမှာဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွ
လွတ်လပ်စွာသယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးရမှာဖြစ်သည့်အတွက်
အပိတ်အဆို့ အဟန့်အတားများကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊
မှုဖြင့်ထိန်းရမည် ဖြစ်ကြောင်း၊ ဥပဒေနှင့် ထိန်းကျောင်းသွားရမ
သို့မှသာ ကုန်စည်စီးဆင်းမှုသွက်လက်လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း
ဖြစ်ပါကြောင်း။**

တချို့သော ရေအားလျှပ်စစ် အသေးစားလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေရောင်းချသည့် လုပ်ငန်းများ၊ သတ္တုနှင့် ကျောက်မျက်တူးဖော်သည့် လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများမှာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ ကိုယ့်တိုင်းရင်းသားများ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်စွမ်းရှိလာအောင် ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့သော်လည်း နောက်ကွယ်က နိုင်ငံခြားသားများ၊ ငွေမည်းများ ဝင်မလာနိုင်အောင်ကိုမူ ဂရုစိုက်ရမည်ဖြစ်ကြောင်း။

အသုံးပြု

စားဝတ်နေရေးတွင် စားရေးနှင့်ဝတ်ရေး ပြည့်စုံဖူလုံရန်အတွက် စိုက်ပျိုးရေးကို အဓိကအားထားရမှာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို သမားရိုးကျ စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ အကျိုးတူအစုရှယ်ယာများပါဝင်စေပြီး လယ်ယာကုန်ထုတ်အသင်းစုများထူထောင်၍ ခေတ်မီနည်းစနစ်များ၊ ခေတ်မီစက်ပစ္စည်းများအသုံးပြုပြီး လယ်ယာထွက်ကုန်များကို လက်ရှိအခြေအနေထက် တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးစားသွားရန်လိုပါကြောင်း။

စီမံဆောင်ရွက်

ဈေးကွက်စီးပွားရေးစနစ်တွင် လူ
နိုင်အောင် ဖန်တီးပေးရန်လိုပါကြောင်း၊
လူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည်၏
တိုးလာမှာဖြစ်ပါကြောင်း၊ ဥပဒေနှ
စိုက်ပျိုးခွင့်၊ လွတ်လပ်စွာသယ်ယူရော
ရမှာဖြစ်သည့်အတွက် အတားအဆီး၊
အတားများကို ဖယ်ရှားပေးရမည်ဖြ
မထိန်းဘဲ မူဖြင့်ထိန်းရမည်ဖြစ်ကြေ
ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊
စီးဆင်းမှုသွက်လက်လွယ်ကူပြီး ကုန်
လာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥ
အခွင့်အလမ်းပေးခြင်း၊ ကြီးကြပ်ခြင်း၊
များပြုလုပ်ရာတွင် ပြည်သူများအတွက်
ကုန်ကျစရိတ်များမရှိအောင် စီမံဆေ
လိုအပ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နို
စွမ်းအားစုများဖြစ်သော လုပ်ငန်းလိုင်
တို့ကို ဥပဒေနှင့်အညီ အခက်အခဲမရှိ

င်နေသည့် ပြည်သူများ၏ဆန္ဒကို နားလည်သဘောပေါက်ကြရမည်
ထက်ကို ပြန်တာဝန်ခံသည့် စနစ်မျိုးဖြင့် သွားကြရမည်

ဂိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ သူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ (သတင်းစဉ်)

တိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်တီးပေးရန်လိုပါ
ူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည်၏ G.D.P
ာင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊
ကို ခွင့်ပြုပေးရမှာဖြစ်သည့်အတွက် အတားအဆီး၊
ကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ လူဖြင့်မထိန်းဘဲ
ဥပဒေနှင့် ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊
က်လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာ

စီမံဆောင်ရွက်

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်တီးပေးရန်လိုပါကြောင်း၊ လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည်၏ G.D.P သည်လည်း တိုးလာမှာဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ လွတ်လပ်စွာသယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးရမှာဖြစ်သည့်အတွက် အတားအဆီး၊ အပိတ်အဆို့၊ အဟန့်အတားများကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်စည်စီးဆင်းမှုသွက်လက်လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ စီးပွားရေးအခွင့်အလမ်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ အခွန်ကောက်ယူခြင်းများပြုလုပ်ရာတွင် ပြည်သူများအတွက် မလိုအပ်သည့် အပိုကုန်ကျစရိတ်များမရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကုန်လုပ်စွမ်းအားစုများဖြစ်သော လုပ်ငန်းလိုင်စင်၊ သွင်းကုန်လိုင်စင်တို့ကို ဥပဒေနှင့်အညီ အခက်အခဲမရှိအောင် စီမံဆောင်ရွက်ပေးရမည့်အပြင် အဆောက်အအုံ၊ တယ်လီဖုန်း၊ လျှပ်စစ်မီးစသည်တို့ကိုလည်း စရိတ်စကမကြီးရအောင် စီမံပေးရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ကုန်ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှု တစ်ခုခုကို စတင်ထုတ်လုပ်ချိန်မှစပြီး သုံးစွဲသူ End user ထံသို့ရောက်သည်အထိ အဆင့်ဆင့်သောကုန်ကျစရိတ်များ ရှိမှာဖြစ်သော်လည်း မိမိတို့အစိုးရကြောင့် မလိုလားအပ်သည့် စရိတ်ပိုတစ်ခု ကုန်ကျရခြင်းမျိုးမရှိရအောင် ဖြတ်သန်းခဲ့ရသည့် ခရီးစဉ်တစ်လျှောက်မှာ လာဘ်ပေးလာဘ်ယူမှုများကို ထိထိရောက်ရောက် တားဆီးပေးရမှာဖြစ်ပါကြောင်း၊ Transition cost များ၊ မလိုအပ်ဘဲ စရိတ်ပိုလာသည်နှင့်အမျှ ယင်းအပိုစရိတ်များကို စားသုံးသူ End user ကသာ ကျခံရမှာဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်စေမှာဖြစ်ပါကြောင်း၊ တစ်ဖန် အစိုးရက ဟန့်တားပိတ်ပင်မှုများ လုပ်ပြန်လျှင်လည်း Back fire ဖြစ်ပြီး ထုတ်လုပ်သူ တောင်သူလယ်သမားထံတွင် ဈေးနှိမ်ပြီး ဝယ်ယူခြင်းမျိုးတွေဖြစ်လာမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားများ အလုပ်လုပ်ချင်လာအောင် အစိုးရက အခွင့်အလမ်းများ ပေးပြီး ဆွဲဆောင်ရမည်ဖြစ်ပါကြောင်း၊ Supply Chain တစ်လျှောက် စရိတ်စကများ၊ Transition cost များ မများရအောင် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ကုန်လုပ်စွမ်းအားစုများ သက်သက်သာသာနှင့် သုံးစွဲနိုင်အောင် စီမံပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီဖြစ်အောင် လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းကျောင်းသွားရမည် ဖြစ်ပါကြောင်း၊ မူဖြင့်မထိန်းဘဲ လူဖြင့်ထိန်းလျှင် လာဘ်ပေးလာဘ်ယူမှုများ၊ ဘက်လိုက်မှုများ၊ မသမာမှုများ ရှိလာတတ်သည်ဆိုသည်ကို အားလုံးသတိပြုကြရန် လိုအပ်ပါကြောင်း။

☆ စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်လည်း လိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကိုလိုချင်နေသည့် ပြည်သူများ၏ဆန္ဒကို နားလည်သဘောပေါက်ကြရမှာဖြစ်ပါကြောင်း၊ ဗဟိုကချုပ်ကိုင်သည့်စနစ်အစား အောက်ခြေက အဆင့်ဆင့်တာဝန်ယူပြီး အထက်ကိုပြန်တာဝန်ခံသည့် စနစ်မျိုးဖြင့် သွားကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အောက်ခြေက တောင့်တင်းခိုင်မာရန်၊ အားကောင်းရန်လိုပါကြောင်း။

☆ ပြည်သူများကိုလည်း မိမိတို့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုချည်းအားကိုးမနေဘဲ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး လုပ်ကြကိုင်ကြရေး တိုက်တွန်းကြရန်လိုပါကြောင်း၊ အလုပ်လုပ်ကြရမှာက ပြည်သူများသာဖြစ်ပြီး အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အခွန်အတုတ်ရအောင် ကောက်ခံရန်မှာ အစိုးရ၏အလုပ်ဖြစ်ပါကြောင်း။

အားသွန်ခွန်စိုက်

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကားလမ်းများ အစဉ်ကောင်းမွန်နေအောင်၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် သူ့ကဏ္ဍနှင့်သူ အပိုင်းလိုက် စနစ်တကျခွဲပြီး တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်ဒေသများတွင် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများကို ဆက်လက်ပြီး ဖောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ လမ်းဖြတ်ခ၊ တံတားဖြတ်ခများကိုလည်း ထိုက်သင့်သည့်နှုန်းထားထက် ပိုယူခြင်း၊ ပိုပြီးကောက်ခံခြင်းမျိုး မရှိရအောင် ကြပ်မတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် သွားလိုလာလို၊ ရောင်းလိုဝယ်လိုသည့်ဆန္ဒများ ဖြစ်ပေါ်လာမှာဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ပုံမှန်တကျ တိုးတက်လာမှာဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်လာလျှင် နိုင်ငံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေးဆိုသည်မှာ စီးပွားရေးတိုးတက်အောင် တည်ဆောက်ခြင်းဖြစ်သည်ဟုခံယူပြီး ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် အားသွန်ခွန်စိုက် စီးပွားရေးပုံမှန်တကျ တိုးတက်အောင် တည်ဆောက်ကြရန် တိုက်တွန်းလိုပါကြောင်း။

စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်လည်း လိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏ဆန္ဒကို နားလည်သဘောပေါက်ကြရမှာဖြစ်ပါကြောင်း၊ ဗဟိုကချုပ်ကိုင်သည့်စနစ်အစား အောက်ခြေက အဆင့်ဆင့်တာဝန်ယူပြီး အထက်ကိုပြန်တာဝန်ခံသည့် စနစ်မျိုးဖြင့် သွားကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အောက်ခြေက တောင့်တင်းခိုင်မာရန်၊ အားကောင်းရန် လိုပါကြောင်း၊ အမှန်အလုပ်လုပ်ကြရမည့်သူများမှာ ညွှန်ချုပ်ကစပြီး အောက်ခြေဝန်ထမ်းများဖြစ်ပါကြောင်း၊ ဝန်ကြီးများ ဒုတိယဝန်ကြီးများသည် စနစ်သစ်အရ ငါးနှစ်တစ်ကြိမ် ခေါင်းပြောင်းနေကြမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ညွှန်ချုပ်ကစပြီး အောက်ခြေအဆင့်အထိ အဆင့်ဆင့်သောဝန်ထမ်းများ၊ အရည်အချင်းပြည့်ဝမှသာ ဝန်ကြီးဌာန၏ လုပ်ငန်းများ သွက်လက်၊ မြန်ဆန်မှန်ကန်မှာဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

● စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ ပြောင်းလဲသည့်ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း၊ ဗဟို၏ချုပ်ကိုင်မှုကို လျှော့ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းများကို တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူရုံသာမကဘဲ တာဝန်ရှိလာပြီဖြစ်၍ တာဝန်ခံကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၊ မိမိတို့ တိုင်းဒေသကြီးနှင့် မိမိတို့ ပြည်နယ်များတွင် ဖြစ်ပေါ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်များကို မိမိတို့သာ ခံယူကြရမှာဖြစ်ပါကြောင်း။

စာမျက်နှာ ၉ မှ

မြေတောင်မြှောက်

ပြည်သူများကိုလည်း မိမိတို့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုချည်း အားကိုးမနေဘဲ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး လုပ်ကြကိုင်ကြရေး တိုက်တွန်းကြရန် လိုပါကြောင်း၊ အလုပ်လုပ်ကြရမှာက ပြည်သူများသာဖြစ်ပြီး အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အခွန်အတုတ်ရအောင် ကောက်ခံရန်မှာ အစိုးရ၏ အလုပ်ဖြစ်ပါကြောင်း၊ ပြည်သူများမလုပ်နိုင်သည့် တိုင်းပြည်အတွက် အဓိကကျသည့် အလုပ်ရုံ စက်ရုံများမှအပ အစိုးရပိုင် ကျန်သည့်အလုပ်ရုံ စက်ရုံများကို ပြည်သူများထံ လွှဲပြောင်းပေးလိုပါကြောင်း၊ ထို့ကြောင့် **ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးလုပ်ငန်းရှင်များ များများပေါ်ထွက်လာအောင် မိမိတို့အစိုးရအဖွဲ့အသီးသီးက ဝိုင်းဝန်းမြေတောင်မြှောက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။**

ပြည်သူများ စိတ်ချလက်ချဖြင့် အလုပ်လုပ်နိုင်ရန်အတွက် လုံခြုံမှုရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အဖျက်အမှောင့်သမားများသည် ပြည်သူအကြားမှာပင် ခိုအောင်းနေခြင်းဖြစ်သည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် ပြည်သူ၏ အကူအညီကိုရယူပြီး ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူကြရမှာ ဖြစ်ပါကြောင်း။

ဥပဒေနှင့်အညီ

နိဂုံးချုပ်အနေဖြင့်ပြောရလျှင် စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြောင်းလဲသည့်ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပြောင်းရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေပေးထားပြီး ဖြစ်ပါကြောင်း၊ ဗဟို၏ချုပ်ကိုင်မှုကိုလျှော့ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းများကို တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူရုံသာမကဘဲ တာဝန်ရှိလာပြီဖြစ်၍ တာဝန်ခံကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၊ မိမိတို့ တိုင်းဒေသကြီးနှင့် မိမိတို့ ပြည်နယ်များတွင် ဖြစ်ပေါ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်များကို မိမိတို့သာ ခံယူကြရမှာ ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေနှင့်အညီ လုပ်ကြရမည့်လုပ်ငန်းများ ပါရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ မတိမ်းမစောင်းဘဲ လုပ်သွားကြရန်နှင့် မိမိ၏ နိုင်ငံတော်အခြေပြုမိန့်ခွန်းနှင့် အစိုးရအဖွဲ့သို့ ပြောကြားခဲ့သည့် မိန့်ခွန်းများထဲတွင် ဝန်ကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆောင်ရန် ရှောင်ရန် ကျင့်ဝတ်များပါပြီးဖြစ်၍ ယင်းတို့ကို လိုက်နာပြီး လုပ်ငန်းများ အောင်မြင်အောင်၊ ပြည်သူများ၏ မျှော်လင့်ချက်များ ပြည့်ဝအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းမှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

Bachelor of Business Administration သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၆

Myanmar Professional Development Centre (MPDC) က ကြီးမှူး၍ ရန်ကုန်မြို့၌ ထိုင်းနိုင်ငံ Assumption University (ABAC) ၏ Bachelor of Business Administration Programs များကို ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်သည်။

Bachelor of Business Administration Programs တွင် Marketing, Management, Finance and Banking Accounting, Business Information Systems, Hospitality and Tourism Management, International Business Management, Information Technology Management (ICT) စသည်ဖြင့် အထူးပြုဘာသာရပ်များကို ရွေးချယ်သင်ကြားနိုင်မည်ဖြစ်သည်။

Bachelor of Business Administration Programs များကို နိုင်ငံတော်မှ ဖွင့်လှစ်ထားသော တက္ကသိုလ်များမှ ဒုတိယနှစ်အောင်မြင်ပြီးသူတိုင်း Bachelor of Business Administration Programs တွင် တတိယနှစ်နှင့် စတုတ္ထနှစ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက ထိုင်းနိုင်ငံ၏ Assumption University (ABAC) က ချီးမြှင့်မည့် Bachelor ဘွဲ့ကိုရရှိမည်ဖြစ်ပြီး ဘွဲ့ကို ထိုင်းနိုင်ငံရှိ Assumption University (ABAC) တွင် ကျောင်းသားများကိုယ်တိုင် တက်ရောက်ယူရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို Assumption University ၏ Offshore Office ဖြစ်သော Myanmar Professional Development Centre (MPDC), Building (4), Room (1), Myanmar Info-Tech, Universities Hlaing Campus, Hlaing Township, Yangon. Phone : 507043, 507047 တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ၌ နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် ဧပြီ ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီ ဂရိတ်လျော့နည်းခဲ့က ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၇ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၃ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၃၀ ၅။ ဓမ္မပူဇာတေး
၇:၃၅ ၆။ မျိုးချစ်တပ်မတော်
၇:၄၀ ၇။ မြန်မာ့ရှုခင်း
၇:၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၉။ ခါသကြီန်အဆိုအကများ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ ဦးတည်ချက် (၁၂)ရပ်
၈:၁၃ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၅ ၇။ ဗီစီဒီကျော်ကြားတေး
၄:၄၅ ၈။ မွေးမြူသုတ
၄:၅၀ ၉။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၁၀။ အားလုံးရဲ့တာဝန်
၅:၁၀ ၁၁။ ခါသကြီန်အဆိုအကများ
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၅၄)
၆:၀၀ ၁၃။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁၁)
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၇၄)
၈:၀၀ ၁၈။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက် (၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ရှေးဟောင်းသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင် ချစ်အိပ်မက်** (အပိုင်း-၇)
၂၇။ ဂီတရင်ခုန်သံ

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက်ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသကြၤန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၆

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများအား ကျင်းပရန် ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါ ပြိုင်ပွဲအစား ၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသကြၤန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီ ၁၃ ရက် မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အားကစားသမားများအားလုံး တစ်ကွင်းလျှင် တစ်ရက်စီဖြင့် ရက်အလိုက် လေးရက် ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် Professional မြန်မာပီဂျီအေအဆင့်နှင့် Amateur အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများ ပြိုင်ပွဲဝင်ကြေးပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းစီတွင် တစ်ရက်စီဖြင့် လေးရက် ယှဉ်ပြိုင်ကစားပြီးပါက ပြိုင်ပွဲဝင်သည့် အတန်းအလိုက်၊ တံခွန်စိုက်ဆု အပါအဝင် အဆင့် ၁ မှ ၁၅ ထိ ချီးမြှင့်မည့်အပြင် ကွင်းအလိုက်မှလည်း နေ့စဉ်ရိုက်ချက်များအပေါ် မူတည်၍ အဆင့် ၁ မှ ၅ ထိ ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Hole In One ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။ အသင်းလိုက်ဆုများကို ချီးမြှင့်ခြင်းမပြုဘဲ အထက်တွင် ဖော်ပြထားသည့်အတိုင်း Professional နှင့် Amateur အတန်း(၂)တန်းကိုသာ တစ်ဦးချင်းဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်း

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က သတ်မှတ်ထားသောစည်းကမ်းများ၊ ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉၊ ၄၁၄၇၅၃ - Fax တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၈။ **ဗီဝိတဒါနသွေးလှူကြစို့**
၈:၂၀ ၉။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၀။ ခါသကြီန်အဆိုအကများ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ ခါသကြီန်အဆိုအကများ
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ခါသကြီန်အဆိုအကများ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ ခါသကြီန်အဆိုအကများ
၅:၁၀ ၇။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၂၀ ၈။ **ရောင်စုံရေးသီတေးပန်းချီ**
၅:၃၅ ၉။ **ဖွံ့ဖြိုးမှုပန်း အပြိုင်လန်း လှပဝေဆာပြည်မြန်မာ**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ကော်ဖီချစ်သူ** (အပိုင်း-၄၇) ကိုရဲ၊ ကိုလင်း၊ ရဲရဲယု၊ ယုဇန၊ ဗိုလ်မြင့်၊ ပိုးပိုး၊ ဝက်မ (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၂၁)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၆)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၀)
၂၁။ အစီအစဉ်ပြီး၏။

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၆

စိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ် ရွှေပြည်သာမြို့နယ်၌ဖွင့်

ရွှေပြည်သာမြို့နယ် အမှတ်(၇)ရပ်ကွက် စိုးရာဇာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် ညနေ ၃ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြူဖြူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးမောင်နှင့် အမှတ်(၇) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြစိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်က သုတ၊ ရသ စာအုပ်စာစောင်၁၀၀ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမြစိုးကလည်းကောင်း၊ စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူရှင်ဒေါ်ခင်မာချိုက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဒေါ်ခင်မိုးမိုးကလည်းကောင်း၊ ဆရာမဒေါ်စံပယ်ဝင်းက ငွေကျပ်တစ်သောင်း လှူဒါန်းရာ စာကြည့်တိုက်နာယက ဦးကျော်မောင်က လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်အဆောက်အအုံသစ် ဒလမြို့နယ်၌ဖွင့်

ဒလမြို့နယ် ရဲချောင်းဝကျေးရွာတွင် စာပေအလင်းရောင် စာကြည့်တိုက်နှင့် မနေတ်ကျေးရွာတွင် ပညာတန်ဆောင်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၈ရက် နံနက်ပိုင်းက စာကြည့်တိုက်များရှေ့၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက ရဲချောင်းဝ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ အလှူရှင်များက လှူဒါန်းငွေများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်စာစောင်များနှင့် ရေဒီယိုတစ်လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်ဦးက သတင်းစာတစ်မျိုးကို လစဉ် ပေးအပ်လှူဒါန်းခဲ့ပြီး မနေတ်စာကြည့်တိုက်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးက အလှူငွေကျပ်ငါးသောင်းနှင့် စာအုပ်စာစောင်များ၊ အလှူရှင်များက လှူဒါန်းငွေများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးက စာအုပ်စာစောင်အုပ်ရေ ၃၅၀နှင့် ရေဒီယိုတစ်လုံး၊ မနေတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက သတင်းစာတစ်မျိုးလစဉ် လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သုတဉာဏ်ရောင်စာကြည့်တိုက် ရေနံချောင်း၌ဖွင့်

မကွေးခရိုင် ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု ယင်းမချောင်း ကျေးရွာ သုတဉာဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်၊ ရေနံချောင်းမြို့ အလင်းစေတမန်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးလှတင်တို့က မဂ္ဂဇင်း၊ ဂျာနယ် စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံမှာ ကိုးလက်မအုတ်ရိုး အာစီတစ်ထပ်ဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဆတ်မြို့နယ် နားမကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ဝိန်းဝိုင် ကျေးရွာအုပ်စု နားမကျေးရွာတွင် ရွှေသုတစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဂျင်မီတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လက်ခံယူ

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ပရိဘောဂများ ပြုလုပ်ရန် စေတနာရှင် ပြည်သူများကိုယ်စား လှူဒါန်းငွေကျပ် သိန်း ၂၀ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဂျင်မီက ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီး အရာရှိ ဦးလှဌေးက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက သတင်းစာ ခြောက်လစာအတွက် အလှူငွေကျပ် ၁၂၀၀၀ကို လည်းကောင်း၊ သုတ၊ ရသစာအုပ်၁၅၀ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းကြည်အေးကလည်းကောင်း၊ စာအုပ်စာစောင်များကို ဦးကျရော က လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်စိုးက ငွေကျပ် ၁၀၀၀၀၀တန်ဖိုးရှိ ဂျာနယ်များကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ တယ်လီဖုန်းတာဝန်ခံ ဦးလှမျိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းတို့က မဂ္ဂဇင်းနှင့်ဂျာနယ်များကိုလည်းကောင်း ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ လမ်းနှင့် စက်ရေတွင်းဖွင့်

အုတ်ဖိုမြို့နယ် မြို့မ(၂)လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို မတ် ၂၁ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးအောင်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံးမြို့နယ် မောင်းမကန်ရွာလယ်ကမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် မောင်းမကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မနောသုခလမ်းကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (ဝ၆၆)

ဒီပဲယင်းမြို့နယ် ပေါင်းတောင်ကူကျေးရွာအုပ်စု တပ်တည်ကျေး ရွာ၌ ထူးထရေးဒင်းကုမ္ပဏီက လှူဒါန်းသော ငွေကျပ် ၂၅ သိန်းတန် စက်ရေတွင်းကို မတ် ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ် သဲတော-ကျောက်လှေကားလမ်းကျောက်ချော လမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်စိုး၊ လက်ထောက်အင်ဂျင်နီယာဦးစိုးနိုင်ဦးနှင့် ရပ်မိရပ်ဖဦးသိန်းဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပင်းတယ၌ ပညာပေးဟောပြော

ပင်းတယ ဧပြီ ၆

ပင်းတယမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဆူးဗိုလ်ကုန်းရပ်ကွက် မြတ်ပန်းဝေစာကြည့်တိုက်၌ မတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူးမြင့်ဆွေက မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရွှေပြည်သာ ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ သာစုကန်ပရိယတ္တိစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုသူများနှင့် လှူဒါန်းလိုသူများသည် ဦးစိုးမြင့် ဖုန်း-၆၄၄၇ ၄၅၊ ဦးဟံငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးဝင်းကြည် ဖုန်း-၀၉-၄၃၀-၁၉၃၅၂၊ ဦးအုန်းလွင် ဖုန်း-၅၀၂၅၅၆၊ ဦးခင်ထွန်း ဖုန်း-၀၉-၇၃၀-၀၁၅၅၂နှင့် ဦးမျိုးဝင်း ဖုန်း-၆၄၁၄၉၁ တို့ထံသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၃၅)

မော်လမြိုင်ကျွန်း၌ ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

မော်လမြိုင် ဧပြီ ၆

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မော်လမြိုင်ကျွန်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲနှင့် မြို့နယ်ဂီတအစည်းအရုံး ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင် ဦးတင်ဦးလေးက ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဌေး၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မြင့်၊ အတွင်းရေးမှူး ဦးစိုးသိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး အပါအဝင် အမှုဆောင် ၁၁ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ယင်းနောက် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာများကို မြန်မာနိုင်ငံဂီတအစည်းအရုံး အလုပ်အမှုဆောင် ဂီတာ ဦးဖေဝင်းက ပေးအပ်ရာ မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဌေးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ပေး

ထို့နောက် မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမရှိ မြို့နယ်ဂီတအစည်းအရုံး ယာယီရုံးခန်းမျက်နှာစာတွင် မြို့နယ်ဂီတအစည်းအရုံး ဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က စက်ခလုတ်နှိပ်ပြီး ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(ဝ၆၅)**

နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ပခုက္ကူ၌ ဖွင့်

ပခုက္ကူ ဧပြီ ၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တောင်ဇလပ် လူငယ်ပျိုးခင်းသင်တန်းကျောင်း (ပခုက္ကူ)၏ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် တောင်ဇလပ် လူငယ်ပျိုးခင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးနေဝင်းအောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၀ ခုနှစ် မြို့နယ်အဆင့် အဘိဓမ္မာ၊ မြန်မာစာ၊ ယဉ်ကျေးမှုဘာသာရပ်များတွင် ထူးချွန်ဆုရ ကျောင်းသားကိုးဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(၁၀၂)**

ဧရာဝတီတိုင်းဒေသကြီးခြောက်ခရိုင် အသက် ၁၉ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ဟင်္သာတ ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ခြောက်ခရိုင် အသက် ၁၉ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် ညနေ ၃ နာရီခွဲက ဟင်္သာတမြို့ ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပသည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရ ဟင်္သာတခရိုင်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေက ချီးမြှင့်ပေးအပ်ပြီး **(အောက်ပုံ)** ပထမဆုရ ဟင်္သာတခရိုင်အသင်းအား ငွေသားဆု ကျပ်သုံးသိန်းနှင့် ဒုတိယဆုရ မအူပင်ခရိုင်အသင်းကို ဆုငွေကျပ်နှစ်သိန်းကို ဧရာဝတီယူနိုက်တက်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်း ကျိုက်လတ်မြို့၌ ဖွင့်လှစ်

ဖျာပုံ ဧပြီ ၆

ပထမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းကို ဖျာပုံခရိုင် ကျိုက်လတ်မြို့ အမှတ်(၂)ရပ်ကွက် (၂)လမ်း သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၂၅ ရက် ညနေပိုင်းက ဖွင့်လှစ်ရာ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ ၁၁ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**



ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ မတ် ၁ ရက်က ယင်းမာပင်မြို့ ယုဇနလမ်းကတ္တရာခင်းခြင်း ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အား အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ပြုပြင်ထားမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မတ် ၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ၊ အရိပ်ရအပင်များ ပျိုးထောင်ထားရှိမှုကို မတ် ၂၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုဦးနှင့် ဝန်ထမ်းများ ပြုပြင်ဖောက်လုပ်ခဲ့သော စွယ်တော်လမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မတ် ၂၁ ရက်က သံတောင်ကြီးမြို့နယ် ဘောဂလိမြို့ရေရရှိရေး ရေကန်နှင့် ရေစက်ရုံ ဆောင်ရွက်ထားရှိမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကျော်နိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ အာကာသခရီးစဉ် ရုပ်ရှင်အဖြစ် ပရိသတ်များကြည့်ရှုခွင့်ရတော့မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်



ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင် ကမ္ဘာ့တစ်ပတ် စီးနင်းပျံသန်းခဲ့သည့် အာကာသယာဉ်။

မော်စကို ဧပြီ ၆

ကမ္ဘာဂြိုဟ်ကို ၁၉၆၁ ခုနှစ်က အာကာသယာဉ်နဲ့ ပထမဆုံးပတ်ခဲ့တဲ့ ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင်ရဲ့ သမိုင်းဝင်စွန့်စားမှုကို ဂုဏ်ပြုပြသနိုင်ဖို့အတွက် နိုင်ငံတကာ အာကာသစခန်းမှာ ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးနေတာဟာ အပြီးသတ်တော့မှာဖြစ်ပါတယ်။

ကြိုးစားစွမ်းဆောင်

ပထမဆုံးအကြိမ် အာကာသယာဉ်နဲ့ ကမ္ဘာပတ်ခဲ့တဲ့ ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင်ရဲ့ သမိုင်းဝင်စွန့်စားမှုဟာ လာမယ့် ဧပြီ ၁၂ ရက်မှာ နှစ် (၅၀) ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ယူရီဂါဂါရင်ဟာ အာကာသယာဉ်နဲ့ ကမ္ဘာပတ်ဖို့ ဘယ်လိုကြိုးစားစွမ်းဆောင် လှည့်ပတ်ခဲ့ရတယ်ဆိုတာ ကမ္ဘာ့ပြည်သူတွေအနေနဲ့ မကြာခင်မှာ ရုပ်ရှင်အဖြစ် ရှုစားကြရတော့မှာ ဖြစ်ပါတယ်။

ဖော်ပြ

အရင်တုန်းက ယူရီဂါဂါရင်ရဲ့ ကမ္ဘာပတ်ပြီး အာကာသယာဉ်နဲ့ ပျံသန်းခဲ့မှုကို အာကာသယာဉ်အတွင်းက ယူရီဂါဂါရင်ရဲ့ စကားပြောဆိုမှု အသံမှတ်တမ်းနဲ့ ဓာတ်ပုံအချို့အဖြစ်သာ ဖော်ပြနိုင်ခဲ့ပါတယ်။ အဲဒီတုန်းက အာကာသယာဉ်ရဲ့ ပြတင်းပေါက်ကနေပြီး မြင်တွေ့ရတာတွေကို ယူရီဂါဂါရင်က ပြောပြခဲ့တဲ့အတိုင်း အသံမှတ်တမ်းတင်ထားခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ●

MS Columbus ကမ္ဘာလှည့်အပျော်စီးသင်္ဘော ရန်ကုန်မြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် သင်္ဘောအမှုထမ်း ၁၇၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦးပါရှိသည့် MS Columbus ကမ္ဘာလှည့်အပျော်စီးသင်္ဘောသည် ထိုင်းနိုင်ငံ ဖူးကက်ဆိပ်ကမ်းမှတစ်ဆင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လည်ပတ်

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်မြို့တွင်း၊ သန်လျင်နှင့် ပဲခူးမြို့များသို့ လည်ပတ်ကာ ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်္ဘောအမှုထမ်း ၁၇၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦးပါရှိသည့် MS Columbus ကမ္ဘာလှည့်အပျော်စီးသင်္ဘော ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

7-4 (20).pmd 1 4/7/2011, 2:12 AM